# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


## ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၊ ကြာသပတေးနေ့။ Thursday, 16 November 2023 ၁၁၂၈၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




## ပြည်ပမှစက်သုံးဆီတင်သင်္ဘောများ သီလဝါဆိပ်ကမ်းသို့ အဆက်မပြတ်ရောက်ရှိလျက်ရှိပြီး စက်သုံးဆီများ ပုံမှန်ဖြန့်ဖြူးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းသို့ ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများ အဆက်မပြတ်ရောက်ရှိရာ သက်ဆိုင်ရာသိုလှောင်ကန်များသို့ နိုဝင်ဘာ ၁၄ ရက်တွင် စက်သုံးဆီတင်သင်္ဘောသုံးစင်းမှ စက်သုံးဆီများအား ချယူဖြည့်တင်းလျက်ရှိပြီး ထပ်မံ၍ ဆီချယူဖြည့်တင်းရန် ဆိပ်ကမ်း၌စောင့်ဆိုင်းနေသည့် စက်သုံးဆီတင်သင်္ဘော နှစ်စင်း ရှိသည့်အပြင် ထပ်မံဝင်ရောက်လာမည့် စက်သုံးဆီတင်သင်္ဘောများလည်း ရှိကြောင်း သိရသည်။


စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖


### ယနေ့ ဖတ်စရာ

De-dollarization နှင့်အတူ...


ဆောင်းပါး စာမျက်နှာ » ၆


နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက ဒံပေါက်ဘူးများ ပေးအပ်လှူဒါန်း


စာမျက်နှာ » ၉


အင်ဒိုနီးရှားနိုင်ငံ၌ လူ့စွမ်းအားအရင်းအမြစ်နှင့် ကုန်ထုတ်စွမ်းအားတိုးတက်စေရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ် ချေးငွေပေးအပ်မည်


စာမျက်နှာ » ၁၃


## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် နိုဝင်ဘာ ၁၅

| | | |
|---|---|---|
| ဟားခါး | ၇ | ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၁၀ | ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၁၁ | ဒီဂရီစင်တီဂရိတ် |
| တွန်းဇံ | ၁၁ | ဒီဂရီစင်တီဂရိတ် |

## ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် အာရှဇုန်ခြေစစ်ပွဲ မြန်မာနှင့်ဂျပန်အသင်းတို့ ယှဉ်ပြိုင်မှုများကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၁၅

အမေရိကန်၊ ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့က အိမ်ရှင်အဖြစ် ပူးတွဲကျင်းပမည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် အာရှဇုန်ခြေစစ်ပွဲ၏ ပထမဆုံးပွဲစဉ်အဖြစ် မြန်မာအမျိုးသားလက်ရွေးစင်အသင်းနှင့် ဂျပန်အသင်းတို့သည် နိုဝင်ဘာ ၁၆ ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ဂျပန်နိုင်ငံ အိုဆာကာမြို့ရှိ Panasonic Stadium Suita ၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ယှဉ်ပြိုင်ကစားကြပုံများကို ယင်းနေ့ညနေ ၄ နာရီ ၁၅ မိနစ်မှစတင်၍ MRTV-HD၊ MRTV Sports Channel၊ MRTV Farmers' Channel၊ MRTV Parliament Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်သွားမည်ဖြစ်ပြီး မြန်မာ့အသံရေဒီယိုနှင့် MRTV APP: အပါအဝင် Online တို့မှလည်း တစ်ပြိုင်တည်း ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ကြေးမုံ

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ထောက်ပံ့ကူညီမှုများ တိုးမြှင့်ပေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့်ကာလအတွင်း ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ချမှတ်၍ တိုင်းရင်းသားပြည်သူအားလုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွား မြင့်မားတိုးတက်ရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ကြိုးပမ်းဆောင်ရွက်ရာတွင် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ နှစ်စဉ်ချေးငွေထုတ်ချေးပေးရေးစီမံကိန်းနှင့် ကိုဗစ်-၁၉ ရန်ပုံငွေမှ နိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်းများအား ချေးငွေထုတ်ချေးရေးစီမံကိန်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းသားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများ လိုအပ်ချက်ဖြစ်သည့် ငွေကြေးအရင်းအနှီးများကိုလည်း သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးလျက်ရှိသည်။ အထူးသဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ တာဝန်များအနက် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုများကို ပြန်လည်ကုစားနိုင်ရေးအတွက် နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍမှ ထိခိုက်မှုအများဆုံးဖြစ်သည့် လုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်းတစ်နှစ် (အတိုးနှုန်းတစ်ရာခိုင်နှုန်း)သတ်မှတ်ပေးပြီး ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့မှစတင်၍ ကုမ္ပဏီ/လုပ်ငန်းစုစုပေါင်း ၃၂၇ ခုကို ချေးငွေပမာဏ ကျပ် ၇ ဒသမ ၆၃ ဘီလီယံ ထုတ်ချေးပေးခဲ့သည်။

နိုင်ငံတော်အနေဖြင့် အဆိုပါချေးငွေ ထုတ်ပေးခဲ့သည့် မွေးမြူရေးကဏ္ဍမှ လုပ်ငန်း ၃၂၇ ခုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ချေးငွေပြန်လည်ပေးဆပ်ရမည့်ကာလအား သက်တမ်းတစ်နှစ် စေ့ရောက်သည့်နေ့မှစ၍ သက်တမ်းနောက်ထပ် တစ်နှစ်တိုးမြှင့်ပေးခဲ့ကြောင်း ကြေညာခဲ့သည်။ ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုကို ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ ငွေကြေးလည်ပတ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ချေးငွေပြန်လည်ပေးဆပ်ရမည့်ကာလကို ပေးဆပ်ရမည့်နေ့ စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် သက်တမ်းတစ်နှစ် ထပ်မံတိုးမြှင့်ပေးခဲ့သည်။

ထို့ကြောင့် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသည့် နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေးအပါအဝင် အဆိုပါ မွေးမြူရေးလုပ်ငန်းကုမ္ပဏီများအနေဖြင့် ချေးငွေချေးယူမှုသက်တမ်း စုစုပေါင်းသုံးနှစ် တိုးမြှင့်ပေးပြီးဖြစ်ရာ ချေးငွေကိုက်ညီသူများအနေဖြင့် ပထမနှစ် ပထမအကြိမ် အတိုးများပေးဆပ်ပြီးသည့်အပြင် ဒုတိယနှစ် ဒုတိယအကြိမ် အတိုးများပေးဆပ်ပြီး ဆက်လက်၍ ချေးငွေရည်ရွယ်ချက်ပါအတိုင်း လုပ်ငန်းများကို ထိရောက်အောင် ဆောင်ရွက်ကြရန်လိုအပ်ပါသည်။ အကယ်၍ ပေးဆပ်ရန် ပျက်ကွက်ပါက သတ်မှတ်ထားသည့် ဥပဒေနှင့်အညီ အရေးယူခံရနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

ထို့အပြင် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) လုပ်ငန်းများကိုလည်း ချေးငွေများ ထုတ်ချေးပေးလျက်ရှိပြီး SME ချေးငွေပထမအဆင့်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းဒုတိယအဆင့်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ စီမံကိန်းအဆင့် ၁ တွင် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းများဖြစ်သည့် PFI ဘဏ် ခြောက်ဘဏ်မှတစ်ဆင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလကုန်အထိ SME လုပ်ငန်းရှင် ၆၀၄ ဦးကို ချေးငွေကျပ် ၁၃၈ ဒသမ ၁၄၈ ဘီလီယံ ထုတ်ချေးပေးခဲ့ပြီးဖြစ်သည်။ စီမံကိန်းအဆင့် ၂ တွင် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့်အဖွဲ့အစည်းများဖြစ်သည့် PFI ဘဏ် ၁၁ ဘဏ်မှတစ်ဆင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလကုန်အထိ လုပ်ငန်းရှင် ၁၇၇၃ ဦးသို့ ချေးငွေကျပ် ၃၃၉ ဒသမ ၁၇၉ ဘီလီယံ ထုတ်ချေးပေးခဲ့ပြီးဖြစ်သည်။

MSME လုပ်ငန်းချေးငွေများကို သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်ရေး၊ ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း MSME များကို နိုင်ငံတော်အစိုးရက အားပေးကူညီပြီး နိုင်ငံတော်အတွက် လိုအပ်သည့် ထုတ်ကုန်များထုတ်လုပ်နိုင်သည့် လုပ်ငန်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အလားတူ ကိုဗစ်-၁၉ ရန်ပုံငွေ ချေးငွေများ ထုတ်ချေးထားခြင်းသည်လည်း နိုင်ငံတော်၏ စီးပွားရေးပြန်လည်ဦးမော့လာအောင် ကူညီထားခြင်းဖြစ်၍ လုပ်ငန်းများတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး၊ နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ ထောက်ပံ့ပေးထားသည့် ငွေကြေးပံ့ပိုးမှုအားဖြင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးကို တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## တာဝန်မှ ရပ်စဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၁၀၁ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
(၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

### တာဝန်မှရပ်စဲခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေအား တာဝန်မှရပ်စဲလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၁၀၂ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
(၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

### ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဗိုလ်မှူးချုပ် ထွန်းထွန်းမြင့်အား ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ခေတ္တဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)
နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပထမနှစ် (၂၀၂၃ အောင်)(ပထမနှစ်ဝက်)သင်တန်းနှင့် ဒုတိယနှစ်(ပထမနှစ်ဝက်) သင်တန်းများကို ၁၆-၁၁-၂၀၂၃ ရက်နေ့မှစတင်၍ (စနေနှင့်တနင်္ဂနွေနေ့များအပါအဝင်) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျောင်းအပ်လက်ခံပြီး ၂၃-၁၁-၂၀၂၃ ရက်နေ့မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ဘွဲ့လွန်ဒီပလိုမာနှင့် မဟာဘွဲ့သင်တန်းများ၏ ဒုတိယနှစ်ဝက်သင်တန်းများကို ၂၃-၁၁-၂၀၂၃ ရက်နေ့မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

၂။ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ပထမနှစ် (ပထမနှစ်ဝက်) သင်တန်းသို့ ဝင်ခွင့်ရရှိသည့် ကျောင်းသား ကျောင်းသူများစာရင်းအား ၉-၁၁-၂၀၂၃ ရက်နေ့၌ ဝန်ကြီးဌာန၏ Website ဖြစ်သည့် https://mcrd.gov.mm၊ ၎င်းတက္ကသိုလ်၏ Website ဖြစ်သည့် https://ucms.edu.mm နှင့် Facebook Page; University of Co-operative and Management, Sagaing တို့တွင် ထည့်သွင်းဖော်ပြထားပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၅ - ၁၁ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၂,၂၁၁ | ၁၉,၀၁၄,၆၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၁,၂၇၀ | ၃,၆၈၃,၀၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၄ | ၃၁,၂၀၀ |
| FPB | ၁,၆၀၀ | ၁,၆၅၀ | ၅,၈၆၉ | ၉,၃၉၃,၁၅၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၀ | ၀ |
| EFR | ၂,၀၀၀ | ၂,၀၅၀ | ၁,၀၅၀ | ၂,၁၁၀,၀၀၀ |
| AMATA | ၄,၈၀၀ | ၄,၉၀၀ | ၁၀ | ၄၈,၈၀၀ |
| MAEX | ၁,၇၀၀ | ၁,၇၀၀ | ၁,၄၃၁ | ၂,၄၃၄,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၅**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များတက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း "အေရိုးဗစ်" အားကစားနည်းသည် အထောက်အကူပြု ပစ္စည်းကိရိယာမလိုဘဲ တစ်ဦးချင်းရော အဖွဲ့လိုက်ပါ ကျန်းမာရေးအတွက် လေ့ကျင့်ကစားနိုင်သည့် အားကစားနည်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့် လေ့ကျင့်ကစားကြမည်ဆိုပါက "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး"ကို အထောက်အကူပြုနိုင်မည် ဖြစ်ပြီး ပြည်သူတစ်ရပ်လုံး ပါဝင်လှုပ်ရှားကစားနိုင်သည့် လူထုအားကစားအသွင် ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း "အေရိုးဗစ်" ပြိုင်ပွဲဝင်အသင်း များသည် မိမိတို့၏အသင်းအောင်မြင်မှု ရရှိရေးအတွက် အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် အစွမ်းကုန် အားကြိုးမာန်တက်ပါဝင် ယှဉ်ပြိုင်ကြစေလိုကြောင်း၊ ပြိုင်ပွဲတွင် အကဲဖြတ်ပေးကြမည့် ဒိုင်လူကြီးများသည်လည်း သတ်မှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်း/စည်းကမ်းများနှင့်အညီ တရားမျှတမှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက်ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး ပထမနေ့ပွဲစဉ် ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲကိုလူထုအားကစားလုပ်ငန်းများ ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်၊ အားကစားလှုပ်ရှားမှုများတွင် စုပေါင်းလှုပ်ရှားသောအလေ့အကျင့်ကောင်းများ ရရှိလာစေရန်နှင့် ဗလငါးတန်ဖွံ့ဖြိုးသော မျိုးဆက်သစ်လူငယ်များ ထွက်ပေါ်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲပွဲစဉ်များအဖြစ် ကိုးယောက်တွဲအကြီးတန်းပြိုင်ပွဲ၊ Fitness Danceပြိုင်ပွဲ၊သုံးယောက်တွဲပြိုင်ပွဲနှင့် တစ်ဦးချင်းပြိုင်ပွဲများကို နိုဝင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသမီးအသင်း ၁၄ သင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၄/၂၀၂၃) ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၅**

မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၂၃)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။






အခမ်းအနားသို့ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကြီးကြပ်မှုဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကြီးကြပ်မှုဗဟိုကော်မတီဝင် တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များနှင့် ကော်မတီဝင်ကိုယ်စားလှယ်များက သက်ဆိုင်ရာနယ်မြေများမှ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မြန်မာနိုင်ငံတစ်ဝန်းတွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ ရုံးပိတ်ရက်များမပါ ရက်ပေါင်း ၂၀ သတ်မှတ်၍မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းကောက်ယူခြင်း လုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့ (Working Group) များဖြင့် ကောက်ယူရရှိခဲ့သည့်စာရင်းဇယား၊အချက်အလက်များကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် မှတ်တမ်းများစုစည်း၍ မြို့နယ်ဦးစီးမှူးရုံးရှိ ရုံးလက်ခံများနှင့် တိုက်ဆိုင်စိစစ်ပြီး အွန်လိုင်းစနစ်ဖြင့် ရုံးချုပ်ရှိ e-ID Server အတွင်းရှိ အချက်အလက်များဖြင့် တိုက်ဆိုင်စိစစ် ပြင်ဆင်ဖြည့်စွက်အတည်ပြုခြင်း လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါကြောင်း၊ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်အထိ စာရင်းကောက်ယူမှုအနေဖြင့် e-ID Software ဖြင့် ထုတ်ယူထားသည့် အိမ်ထောင်စုစာရင်းနှင့် တိုက်ဆိုင်စစ်ဆေး ကောက်ယူခဲ့သည့် အိမ်ထောင်စု ၁၂ ဒသမ ၁ သန်းကျော်၊ လက်ရှိဒေသ၌ အိမ်ထောင်စုစာရင်းမရှိသဖြင့် အလွတ်ပုံစံများဖြင့် ကောက်ယူခဲ့သည့် အိမ်ထောင်စု ၂ ဒသမ ၈ သန်းကျော်၊ စုစုပေါင်းအိမ်ထောင်စု ၁၄ ဒသမ ၉ သန်းကျော် ကောက်ယူပြီးစီးပြီဖြစ်ရာ ရာခိုင်နှုန်းပြည့်နီးပါး ပြီးစီးပြီဖြစ်ပါကြောင်း။

**ဆောင်ရွက်ပေးမည်**

ယင်းတို့အနက် အလွတ်ပုံစံများဖြင့်ကောက်ယူခဲ့သည့်အိမ်ထောင်စု ၂ ဒသမ ၈ သန်းကျော်တွင် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အမှန်တကယ် ရရှိကိုင်ဆောင်ခြင်း ရှိ/မရှိ ပြန်လည်စိစစ်ပြီး ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးအပ်မည်ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်အဆင့်ဖွဲ့စည်းထားသည့် ငါးဦးကော်မတီဖြင့် အသေးစိတ် စိစစ်အတည်ပြုကာ နိုင်ငံသားအရည်အချင်းနှင့် ကိုက်ညီသူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို ဥပဒေနှင့်အညီ မဖြစ်မနေ ဆောင်ရွက်ထုတ်ပေးနိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်က ညှိနှိုင်းပေါင်းစပ် ကြပ်မတ်ဆောင်ရွက်ပေးကြရန် အရေးကြီးပါကြောင်း၊ ထို့ပြင် အမျိုးသားမှတ်ပုံတင်ကတ်ပြားကိုင်ဆောင်ထားသူများ၊ အသက် ၁၆ နှစ်နှင့် ၁၈ နှစ်ကြား၊ အသက် ၁၈ နှစ်နှင့် အထက်ရှိသည့် မည်သည့်ကတ်ပြားမျှ ကိုင်ဆောင်ထားခြင်း မရှိသူများ၊ အချက်အလက် ကွဲလွဲနေသူများအား စနစ်တကျတိုက်ဆိုင်စိစစ်၍ ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရေး ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း။

**အချိန်မီပြီးစီးအောင်မြင်ရေး**

မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဆင့်ဆင့်၏ လုပ်ငန်းတာဝန်များသည် ရွေးကောက်ပွဲစတင်ကျင်းပချိန်မှသာ ပြီးဆုံးမည်ဖြစ်သည့်အတွက် မပြီးပြတ်သေးသည့်လုပ်ငန်းများကို အချိန်မီပြီးစီး အောင်မြင်ရေးအတွက် ဆက်လက် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှု၊ မြေပြင်ကွင်းဆင်း ကောက်ယူရေးနှင့် ပန်းခင်းစီမံချက် လုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကြီးကြပ်မှုဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များ၊ ကော်မတီဝင်ကိုယ်စားလှယ်များက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးနှင့် ပန်းခင်းစီမံချက်လုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးနိုင်ရေးအတွက် ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ဗဟိုကော်မတီမှ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကိုလည်းကောင်း၊ တက်ရောက်လာကြသည့် ကြီးကြပ်မှုဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ဌာနအလိုက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဇေယျာသီရိမြို့နယ်ရှိ အသေးစား မျှစ်ခြောက်ကုန်ထုတ်စက်ရုံ လည်ပတ်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဇေယျာသီရိမြို့နယ် စက်ကုန်းကျေးရွာသို့ ရောက်ရှိပြီး စိမ်းလဲ့မြေ သမဝါယမအသင်းနှင့် နရိန္ဒြာကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော စီးပွားဖြစ် အသေးစား မျှစ်ခြောက်ကုန်ထုတ်စက်ရုံ လည်ပတ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား နရိန္ဒြာကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာက စက်ရုံ၏လုပ်ငန်းစဉ်များနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်၊ မျှစ်ခြောက်ထွက်ကုန်၏ နှစ်စဉ်ပြည်ပ ဝယ်လိုအားနှင့် တင်ပို့နေမှု အခြေအနေများ၊ နှစ်စဉ်ဂျပန်နိုင်ငံသို့ မျှစ်ခြောက်များ တင်ပို့နိုင်ခဲ့မှုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကိုရီးယားသမ္မနိုင်ငံတို့သို့ တင်ပို့ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု၊ လက်ရှိ ဝါးစိုက်ခင်း ထူထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပျဉ်းမနားမြို့နယ်အတွင်းရှိ ဝါးစိုက်တောင်သူများအား ဝါးတောထိန်းသိမ်းနည်း သင်တန်းပို့ချမှုနှင့် ကုန်ကြမ်းရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။



တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ကုန်ကြမ်းများထုတ်လုပ်ရာတွင် သဘာဝအရင်းအမြစ်များ မပြုန်းတီးစေရေးအတွက် ဝါးစိုက်တောင်သူများအား တောင်သူအသိပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန်လိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ စက်ရုံရှိ ဝန်ထမ်းများကို လိုအပ်ပါက ဒေသနှင့်ကိုက်ညီသည့် သင်တန်းများ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်းမှာကြားပြီး တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မျှစ်ခြောက်ကုန်ထုတ်စက်ရုံ လည်ပတ်နေမှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထန်းတပင်မြို့နယ်၌ သမဝါယမအသင်းသားတောင်သူများ၏ မိုးစပါးများရိတ်သိမ်းမှုအခြေအနေများ ကြည့်ရှု

**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန် တိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးငွေရယူ၍ ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော သမဝါယမအသင်းသား တောင်သူများ၏ မိုးစပါးများကို ယမန်နေ့က ရိတ်သိမ်းခဲ့ကြရာ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ထိုသို့ စစ်ဆေးရာတွင် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ဥမ္မာမြင့်၊ မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဇော်နှင့် ဝန်ထမ်းများ၊ မြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ အောင်နိုင်သစ္စာကုမ္ပဏီမှတာဝန်ရှိသူများက ကြို့ကုန်းကျေးရွာတွင် ကြို့ကုန်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ အသင်းသားတောင်သူ ဦးသန်းဇော်လင်း၏ လယ်ယာမြေ ခုနစ်ဧကေ မိုးစပါးရိတ်သိမ်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အသင်းသားတောင်သူများနှင့် တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ကန်ထရိုက် လယ်ယာစနစ်ဖြင့် ဆောင်ရွက်သော သမဝါယမ အသင်းသားများ အနေဖြင့် သွင်းအားစုများ ရယူထားသည်နှင့်အညီ တာဝန်ကျေစပါးများ အပြေအကျေပေးသွင်းနိုင်ရေး၊ စပါးများ အလေအလွင့်မရှိစေရေး၊ စပါးအထွက်နှုန်းများ ယခင်နှစ်များနှင့် အတိုးအလျော့ မှတ်တမ်းများ စနစ်တကျ ရေးသွင်းထားရှိရန်နှင့် ဒေသပေါက်ဈေးများနှင့် အညီ ကုမ္ပဏီသို့ တာဝန်ကျေစပါးများ ပေးသွင်းရန် ညှိနှိုင်းဆောင်ရွက်ကြရေးတို့ကို ရှင်းလင်းမှာကြားသည်။

ထန်းတပင် မြို့နယ်အတွင်း နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးငွေရယူ၍ ကန်ထရိုက် လယ်ယာစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော သမဝါယမအသင်းသား တောင်သူ ၁၁၇ ဦး၊ မိုးစပါးစိုက်ဧကေ ၁၁၂၀ စိုက်ပျိုးထားရှိပြီး ကြို့ကုန်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း လီမိတက်မှ အသင်းသား တောင်သူ ဦးသန်းဇော်လင်း၏ လယ်ယာမြေ ခုနစ်ဧကေ စံကွက်ရိတ်သိမ်းခဲ့ကြရာ တစ်ဧကေ အထွက်နှုန်း တင်း ၇၀ ထွက်ရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို နိုဝင်ဘာ ၁၅ ရက်က မြို့နယ်သမဝါယမအသင်းစုတွင်ပြုလုပ်ရာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ဥမ္မာမြင့်က အမှာစကားပြောကြားစဉ်။ တင်ဝင်းတင်



# အမြဲတမ်း မသန်စွမ်းမှု အကျိုးခံစားခွင့် ငွေလုံးငွေရင်း ခွင့်ပြုထုတ်ပေး

**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံး ရွှေလင်ပန်းစက်မှုဇုန်ရုံးခွဲတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Shu San စက်ရုံမှ အာမခံအလုပ်သမား ဦးစိုးပိုင်ဦးသည် လုပ်ငန်းခွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့်ပေးအပ်သည့် အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး တာဝန်ခံက တက်ရောက်လာကြသော အလုပ်ရှင် အလုပ်သမားများအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားပြီး Shu San



စက်ရုံမှ အာမခံအလုပ်သမား ဦးစိုးပိုင်ဦးအတွက် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ငွေလုံးငွေရင်း ခွင့်ပြုငွေကျပ် ၆၃၉၄၅၀၀ ကို ဦးစိုးပိုင်ဦးထံသို့ ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဦးသိန်းနွဲ့ဦးက ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဇလွန်မြို့နယ်၌ သီးနှံအာမခံလုပ်ငန်းဆောင်ရွက်ရန် အသိပညာပေးရှင်းလင်းပွဲ ပြုလုပ်

**ဇလွန် နိုဝင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် သီးနှံအာမခံလုပ်ငန်း ဆောင်ရွက်ရန် အသိပညာပေး ရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက တောင်သူများ သီးနှံအာမခံလုပ်ငန်းဆောင်ရွက်ရန် အသိပညာပေးရှင်းလင်းပွဲအခမ်းအနားပြုလုပ်ရခြင်းအကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဦးတင်ထွန်းနှင့် မြန်မာ့အာမခံလုပ်ငန်းမှ ကြီးကြပ်ရေးမှူး ဦးတိုးဝင်းတို့က သတ်မှတ်မိုးရေချိန်စံညွှန်းထက် ကျော်လွန်သော မိုးရွာသွန်းခြင်းအတွက် လျော်ကြေးအကျိုးခံစားခွင့်ရရှိမည့် အာမခံအမျိုးအစား၊ လျော်ကြေးခံစားခွင့်၊ အာမခံထားရှိနိုင်သည့်ပမာဏ၊ ပရီမီယံနှုန်းများကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ဝေယံ(ပြန်/ဆက်)**




# အင်္ဂပူမြို့နယ်၌ သီးနှံအာမခံလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေး

**အင်္ဂပူ နိုဝင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြန်မာ့အာမခံလုပ်ငန်းနှင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်းပြီး သီးနှံအာမခံလုပ်ငန်းများနှင့်ပတ်သက်၍ တောင်သူများသို့ အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက အင်္ဂပူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားပြီး ဟင်္သာတခရိုင် မြန်မာ့အာမခံလုပ်ငန်းကြီးကြပ်ရေးမှူး ဒေါ်ခင်နှင်းဦးက ရာသီဥတုအညွှန်းကိန်း သီးနှံအာမခံလုပ်ငန်း ရည်ရွယ်ချက်နှင့် အာမခံထားရှိခြင်းကြောင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)မှ မြို့နယ်မန်နေဂျာ ဦးကျော်စိုးက ချေးငွေလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

**မန်းကျော်(ပြန်/ဆက်)**

# အများပြည်သူများအနေဖြင့် စက်သုံးဆီအရောင်းဆိုင်များမှ အဆင်ပြေလွယ်ကူစွာ ဝယ်ယူအသုံးပြုလျက်ရှိပြီး အရောင်းဆိုင်များတွင် တန်းစီစောင့်ဆိုင်းဝယ်ယူရမှု လျော့နည်းသွား

နေပြည်တော် နိုဝင်ဘာ ၁၅

အများပြည်သူမှ စက်သုံးဆီများ အဆင်ပြေလုံလောက်စွာ ဝယ်ယူသုံးစွဲနိုင်ရန်အတွက် ရန်ကုန်မြို့အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား စက်သုံးဆီပြတ်လပ်မှု မရှိစေရန် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် သီလဝါသိုလှောင်ကန်စခန်းများမှ စက်သုံးဆီများကို ဆီသယ်ယာဉ်များဖြင့် လုံလောက်စွာဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိသဖြင့် အများပြည်သူများအနေဖြင့် စက်သုံးဆီအရောင်းဆိုင်များမှ အဆင်ပြေလွယ်ကူစွာ ဝယ်ယူအသုံးပြုလျက်ရှိပြီး အရောင်းဆိုင်များတွင် တန်းစီစောင့်ဆိုင်းဝယ်ယူရမှု လျော့နည်းသွားကြောင်း သိရသည်။

သတင်းစဉ်


DENKO(အောင်ဆန်း)


PT POWER (သာကေတ)


YP(သာကေတ)

❖ **ရွှေဖုံးမှ**

စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကော်မတီအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ စက်သုံးဆီအရောင်းဆိုင်များသို့ ဆီတင်ယာဉ်များဖြင့် ဖြည့်တင်းဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၄ ရက်တွင် ဆီတင်ယာဉ် ၁၀၂၃ စီးဖြင့် 92Ron ကိုးသိန်းကျော်၊ 95 Ron တစ်သိန်း ငါးသောင်းကျော်၊ ဒီဇယ်ဆီ ခုနစ်သိန်း ငါးသောင်းကျော်၊ ပရီမီယမ် ဒီဇယ်ဆီ ခြောက်သိန်းကျော် ဖြည့်တင်းပေးနိုင်သဖြင့် နိုင်ငံတစ်ဝန်းရှိ အရောင်းဆိုင်အားလုံးတွင် စက်သုံးဆီ လာရောက်ဝယ်ယူမှုအခြေအနေမှာ ယခင်ကဲ့သို့ ပုံမှန်အခြေအနေအတိုင်း ဖြစ်ပါကြောင်းနှင့် အများပြည်သူများအနေဖြင့် လိုအပ်သော စက်သုံးဆီများကို လိုအပ်သလိုဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## မော်တော်ယာဉ်အချို့အား အရောင်းဆိုင်တွင် ဆီရှိလျက်ဖြင့် ရောင်းချပေးခြင်းမရှိသော စက်သုံးဆီ အရောင်းဆိုင်အချို့အား စိစစ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၅

အများပြည်သူက စက်သုံးဆီများ အဆင်ပြေလုံလောက်စွာ ဝယ်ယူသုံးစွဲနိုင်ရန်အတွက် ရန်ကုန်မြို့အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား စက်သုံးဆီပြတ်လပ်မှုမရှိစေရန် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် သီလဝါ သိုလှောင်ကန်စခန်းများမှ စက်သုံးဆီများကို ဆီသယ်ယာဉ်များဖြင့် လုံလောက်စွာဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိသော်လည်း မော်တော်ယာဉ်အချို့အား အရောင်းဆိုင်တွင် ဆီရှိလျက်ဖြင့် ရောင်းချပေးခြင်းမရှိသော စက်သုံးဆီအရောင်းဆိုင် သုံးဆိုင်အား စစ်ဆေးတွေ့ရှိသဖြင့် စိစစ်၍ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေစီမံခန့်ခွဲမှုနည်းလမ်းအရ စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မအူပင်မြို့၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲ ကျင်းပ

မအူပင် နိုဝင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးက အဖွင့်အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ဖြိုးက စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

**ပြောကြား**

ယင်းနောက် တာဝန်ရှိသူများက အမှန်တကယ်လုပ်ငန်းထူထောင်ရန် ဆန္ဒရှိသည့် သင်တန်းသားငါးဦးအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ကြပြီး မအူပင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဇင်အေးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ရာ သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# De-dollarization နှင့်အတူ…

တင်ဇာ (IR)

De-dollarization ဆိုသည်မှာ ကမ္ဘာ့ကုန်သွယ်ရေး၊ ငွေကြေးလည်ပတ်စီးဆင်းမှုတို့တွင် ဒေါ်လာအစား အခြားသောငွေကြေးစနစ်များကို ပြောင်းလဲကျင့်သုံးခြင်းဖြစ်စဉ်ဖြစ်ပါသည်။ ယင်းဖြစ်စဉ်တွင် နိုင်ငံသုံးငွေကြေး၊ ပြည်တွင်းငွေပေးချေမှုနှင့် အရန်ငွေကြေးစနစ်တို့ကို ပြောင်းလဲပြင်ဆင်ကျင့်သုံးခြင်းတို့ ပါဝင်နေပါသည်။ အမေရိကန်ဒေါ်လာသည် ယေဘုယျအားဖြင့် နိုင်ငံတကာအရန်ငွေကြေးအဖြစ်လည်းကောင်း၊ နိုင်ငံတကာကုန်သွယ်ရေးအတွက်လည်းကောင်း နှစ်ပေါင်း ၈၀ နီးပါးခန့် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ သို့သော် အမေရိကန်ဒေါ်လာကို ကမ္ဘာ့အရန်ငွေကြေးအဖြစ် စုဆောင်းခြင်းသည် ၂၀၀၁ ခုနှစ်တွင် ၇၃ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် ၅၈ ရာခိုင်နှုန်းသို့ ကျဆင်းလာကြောင်း တွေ့ရပါသည်။ ထိုကဲ့သို့ နိုင်ငံအများစုက အခြားသောငွေကြေးကို ပြောင်းလဲသုံးစွဲရန်ကြိုးပမ်းနေကြသော်လည်း ၂၀၂၂ ခုနှစ် ဧပြီလ၏ နိုင်ငံတကာကုန်သွယ်ရေး စုစုပေါင်းတွင် ဒေါ်လာတစ်ခုတည်းက ၈၈ ရာခိုင်နှုန်းအထိ လွှမ်းမိုးလျက်ရှိနေကြောင်း တွေ့နေရသေးပါသည်။

> **ဈေးကွက်အခြေပြုစီမံချက်များမှစ၍ နိုင်ငံခြားငွေသုံးစွဲမှုကို ကန့်သတ်ခြင်း သို့မဟုတ် တားမြစ်ခြင်းစသော အစီအမံများစွာဖြင့် ဒေါ်လာကိုဖယ်ရှားရန် ကြိုးပမ်းမှုများစွာ ရှိလာပါသည်။ အာရှတိုက်တွင် အသုံးအများဆုံးနည်းလမ်းမှာ ပြည်တွင်းငွေကြေးသုံးကုန်သွယ်မှု (Local Currency Trade-LCT) ဖြစ်သည်။ ကမ္ဘာ့နိုင်ငံ ၆၀ သည်လည်း ၎င်းတို့၏ သက်ဆိုင်ရာငွေကြေးများဖြင့် ရောင်းဝယ်ဖောက်ကားလျက်ရှိ**

## စိုးရိမ်မှုများမှသည် De-dollarization ဆီသို့

နိုင်ငံအများစုသည် ဒေါ်လာအပေါ်မှီခိုမှု လျှော့ချရန် ကြိုးပမ်းလာကြသည်ကို တွေ့ရပြီး ယင်းမှာ အကြောင်းရင်းမျိုးစုံအပေါ် အခြေခံလျက်ရှိနေပါသည်။ ကနဦးအချက်မှာ နိုင်ငံတကာအရေးအရာများတွင် အမေရိကန်၏ ပြုမူလှုပ်ရှားမှုများအပေါ် စိတ်မသက်မသာဖြစ်လာခြင်း အထူးသဖြင့် စီးပွားရေးဒဏ်ခတ်ပိတ်ဆို့သော အခြေအနေများကြောင့် ဖြစ်သည်။ ရုရှား-ယူကရိန်း ပဋိပက္ခတွင် ရုရှား၏ နိုင်ငံခြားအရန်ငွေများကို ထုတ်မရအောင် ပိတ်ထားခြင်း၊ နိုင်ငံတကာငွေပေးချေစနစ် SWIFT အတွင်းမှ ရုရှားဘဏ်များကို ထုတ်ပယ်ခြင်းစသော ဒဏ်ခတ်ပိတ်ဆို့မှုများသည် ဒေါ်လာအရန်ငွေများစွာ စုဆောင်းထားသည့်နိုင်ငံများ အထူးသဖြင့် တောင်ကမ္ဘာခြမ်းမှ ထွန်းသစ်စစီးပွားရေးအင်အားစုများကို အချက်ပေးသကဲ့သို့ ဖြစ်လာပါသည်။

ဒုတိယအကြောင်းအချက်မှာမူ အမေရိကန်၏ စီးပွားရေးကျင့်စဉ်အချို့ကြောင့် ဒေါ်လာတန်ဖိုးသည် စိတ်ချရသော အနေအထားမရှိသည့်အတွက် နိုင်ငံအတော်များများက စိုးရိမ်မှုမြင့်မားလာကြခြင်းဖြစ်သည်။ အမေရိကန်၏ ပြည်တွင်းကြွေးမြီမှာ ၃၂ ထရီလီယံဒေါ်လာနီးပါးရှိကာ ၂၀၂၇ ခုနှစ်တွင် ၄၄ ထရီလီယံအထိ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းထားသည်။ ကမ္ဘာ့အကြီးဆုံး စီးပွားရေးအင်အားစု အမေရိကန်အနေဖြင့် ၎င်း၏ကြွေးမြီများကို မဆပ်နိုင်လျှင် ၎င်း၏ နိုင်ငံသားများကိုသာမက ကမ္ဘာတစ်ဝန်းမှ စီးပွားရေးလုပ်ငန်းများနှင့် ငွေကြေးဈေးကွက်များအပေါ် အကြီးအကျယ် သက်ရောက်မှုရှိလာမည်ဖြစ်သည့်အတွက် အားလုံးက စိုးရိမ်ကြီးစွာ စောင့်ကြည့်နေရပါသည်။

တတိယအချက်မှာမူ ပြည်တွင်းငွေကြေးဖောင်းပွမှုကို တိုက်ဖျက်ရန် အမေရိကန် ဗဟိုဘဏ်က မကြာသေးမီကာလအတွင်း အတိုးနှုန်းအဆမတန်မြင့်မားလာခြင်းကြောင့် ကမ္ဘာတစ်ဝန်းရှိ ဗဟိုဘဏ်များကလည်း ၎င်းတို့၏ ငွေကြေးတန်ဖိုးများ မကျဆင်းစေရန်နှင့် အရင်းအနှီးများ ယိုစိမ့်မသွားစေရန် အတိုးနှုန်းများ လိုက်တက်ကြရသည်။ နိုင်ငံတစ်နိုင်ငံ၏ ဗဟိုဘဏ်က အတိုးနှုန်းများ မြင့်တက်သည့်အခါ စီးပွားရေးလုပ်ငန်းများနှင့် စားသုံးသူများအနေဖြင့် ငွေချေးယူရာတွင် ပိုမိုစရိတ်စကများလာစေသည်။ သို့သော် ထိုကဲ့သို့ အတိုးနှုန်းမြင့်မားခြင်းသည် ပြည်တွင်းငွေကြေးတန်ဖိုးကို မြင့်မားစေပါသည်။

ရင်းနှီးမြှုပ်နှံသူများအနေဖြင့်လည်း အကျိုးအမြတ်များစွာ ပိုမိုရရှိနိုင်သည့်အတွက် အတိုးနှုန်းမြင့်မားခြင်းက ရင်းနှီးမြှုပ်နှံမှုများစွာကို ဆွဲဆောင်လာနိုင်သည်။ သို့သော် အတိုးနှုန်းမြင့်မားခြင်းက လုပ်ငန်းရှင်များနှင့် စားသုံးသူများကို သွင်းကုန်များဝယ်ယူရာတွင် စရိတ်စက ပိုမိုများစေသည်။ ထို့ကြောင့် သွင်းကုန်ဝယ်လိုအား ကျဆင်းလာပြီး ကုန်သွယ်လိုငွေပြမှုကို လျှော့ချနိုင်ကာ အရန်ငွေကိုင်ဆောင်ထားနိုင်မှု တိုးပွားလာစေပါသည်။ ထိုအခါ နိုင်ငံများသည် အရန်ငွေကိုင်ဆောင်ရာတွင် ငွေကြေးပေါင်းစုံဖြန့်၍ ကိုင်ဆောင်လာခြင်းဖြင့် ဒေါ်လာကြောင့် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များကို လျှော့ချရန် ကြိုးပမ်းခဲ့သည်။ ယခုအခါ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ကိုဗစ်ကပ်အလွန်နှင့် ရုရှား-ယူကရိန်း ပဋိပက္ခရိုက်ခတ်မှုများအကြား ရုန်းကန်နေရပြီး ကုန်သွယ်ရာတွင် နိုင်ငံတကာသုံးငွေကြေး ဒေါ်လာအစား ပြည်တွင်းငွေကြေးကို သုံးစွဲရန် စိတ်အားထက်သန်လာခြင်းဖြင့် ၎င်းတို့၏ ငွေကြေးစီးဆင်းမှုကို ထိန်းသိမ်းလာကြပါသည်။

## De-dollarization လမ်းကြောင်းပေါ်မှ အာရှနိုင်ငံများ

ဈေးကွက်အခြေပြုစီမံချက်များမှစ၍ နိုင်ငံခြားငွေသုံးစွဲမှုကို ကန့်သတ်ခြင်း သို့မဟုတ် တားမြစ်ခြင်းစသော အစီအမံများစွာဖြင့် ဒေါ်လာကို ဖယ်ရှားရန် ကြိုးပမ်းမှုများစွာ ရှိလာပါသည်။ အာရှတိုက်တွင် အသုံးအများဆုံး နည်းလမ်းမှာ ပြည်တွင်းငွေကြေးသုံးကုန်သွယ်မှု (Local Currency Trade-LCT) ဖြစ်သည်။ ကမ္ဘာ့နိုင်ငံ ၆၀ သည်လည်း ၎င်းတို့၏ သက်ဆိုင်ရာငွေကြေးများဖြင့် ရောင်းဝယ်ဖောက်ကားလျက်ရှိနေပါသည်။

အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်အကြား ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် စတင်ခဲ့သော ရူပီးငွေကြေးသုံးကုန်သွယ်ရေးသဘောတူညီချက်သည် LCT ၏ သာဓကတစ်ခု ဖြစ်ပါသည်။ ယင်းသဘောတူညီချက်အရ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်လုပ်ငန်းရှင်များအနေဖြင့် ဒေါ်လာအစား အိန္ဒိယရူပီးဖြင့် ကုန်သွယ်ရမည်ဖြစ်ပြီး နောက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်တာကာငွေကြေးကိုလည်း အသုံးပြုသွားမည် ဖြစ်ပါသည်။ အာဆီယံအဖွဲ့ကြီးသည်လည်း LCT ကို တွင်တွင်ကျယ်ကျယ် လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၃ ခုနှစ် မေလတွင် ကျင်းပသော (၄၂) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အဖွဲ့ဝင်များက ဒေသတွင်း ငွေပေးချေမှု ချိတ်ဆက်ဆောင်ရွက်ရန်နှင့် LCT ကို အသုံးပြုရန် သဘောတူညီခဲ့ကြပါသည်။

ယင်းအရွေ့သည် အာဆီယံနိုင်ငံများအကြား ကုန်သွယ်ရာတွင် ဒေါ်လာအသုံးပြုခြင်း အစဉ်အလာကို ချိုးဖျက်နိုင်မည်ဖြစ်သကဲ့သို့ LCT မှတစ်ဆင့် ဒေသတွင်းကုန်သွယ်မှု တိုးမြင့်လာခြင်း၊ ဘဏ္ဍာရေးပေါင်းစည်းမှုကို နက်ရှိုင်းလာစေခြင်း၊ ငွေကြေးတည်ငြိမ်မှုရှိပြီး အကျပ်အတည်းကာလများတွင်လည်း ခံနိုင်ရည်ရှိလာစေခြင်းစသော အကျိုးကျေးဇူးများ ဖြစ်ထွန်းအောင်မြင်လာနိုင်ပါသည်။

အာရှတိုက်အနေဖြင့် IMF နှင့် ဒေါ်လာအပေါ် မှီခိုမှုများကို လျှော့ချနိုင်ရေး မြော်တွေးလျက် တရုတ်နှင့် မလေးရှားတို့ကလည်း အာရှငွေကြေးရန်ပုံငွေအဖွဲ့ (AMF) ကို တည်ထောင်ရန် အဆိုပြုခဲ့ကြပါသည်။ AMF သည် အာရှစီးပွားရေးလုပ်ငန်းများတွင် ပြည်တွင်းသုံးငွေကြေးများကို အသုံးပြုခြင်းဖြင့် ဘဏ္ဍာရေးအကျပ်အတည်းများကို ရှောင်ရှားနိုင်ရေး ရည်ရွယ်ပါသည်။ AMF နှင့် အလားတူ The Chiang Mai Initiative Multilateralization (CMIM) ကို ၂၀၀၀ ပြည့်နှစ်ကတည်းက ဖွဲ့စည်းပြီးဖြစ်သော်လည်း အကျပ်အတည်းများကို ဖြေရှင်းနိုင်ရေး ကုစားမရခဲ့ပါ။

အင်ဒိုနီးရှားနိုင်ငံက အာရှ၏ အမေရိကန်ဒေါ်လာအပေါ် မှီခိုနေရမှုကို လျှော့ချရေး AMF ကို ဖန်တီးရန် စိတ်ကူးကို သတိကြီးစွာ တုံ့ပြန်ခဲ့သည်။ အင်ဒိုနီးရှားက ဒေါ်လာသုံးစွဲမှုလျှော့ချရေး တင်းကျပ်သည့်မူဝါဒများ ချမှတ်ပြီး ပြည်တွင်းငွေကြေးဖြင့်သာ ပေးချေခြင်း (Local Currency Settlements- LCS) ကို အသုံးပြုရန် စတင်ခဲ့သည်။ LCS သည် ကုန်သွယ်ဖက်နိုင်ငံများကို ပေးချေရာတွင် သက်ဆိုင်ရာနိုင်ငံသုံးငွေကြေးကို အသုံးပြုခြင်းကို ဆိုလိုသည်။ (ယင်းမှာ LCT နှင့် သဘောတရားချင်း ဆင်တူပါသည်။) De- dollarization နှင့်ပတ်သက်၍ အာရှ၏ နောက်ထပ်ကြိုးပမ်းမှုတစ်ခုမှာ အရန်ငွေကြေး အသစ်တစ်ခုဖန်တီးခြင်း ဖြစ်ပါသည်။ အထူးသဖြင့် BRICS အဖွဲ့ဝင်လည်း ဖြစ်သလို အာရှ၏ အင်အားကြီးနိုင်ငံများဖြစ်သည့် တရုတ်နှင့် အိန္ဒိယတို့သည် ငွေကြေးအသစ်တစ်ခု ဖန်တီးပြီး နိုင်ငံတကာကုန်သွယ်ရေးတွင် ဒေါ်လာအပေါ် မှီခိုမှုကို လျှော့ချရန် နှစ်ပေါင်းများစွာ ကြိုးပမ်းလျက်ရှိနေပါသည်။

## ဒေါ်လာအသုံးပြုမှုလျှော့ချရန် ကြိုးပမ်းလာသော အာဆီယံ

အာဆီယံနိုင်ငံများသည် အမေရိကန်အပါအဝင် အခြားသောဒေသတွင်းနိုင်ငံများနှင့် ကုန်သွယ်ရာတွင် ဒေါ်လာကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေရပါသည်။ ယင်းမှာ အီးယူကဲ့သို့ ဒေသတွင်းသုံး ဘုံငွေကြေးမရှိနေခြင်းကြောင့်ဖြစ်ပြီး ထို့ကြောင့်လည်း ကုန်ဈေးနှုန်းအတက်အကျများမှာ ဒေါ်လာငွေကြေးနှင့် အများဆုံးသက်ဆိုင်နေပါသည်။ (၄၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ဗဟိုဘဏ်အကြီးအကဲများနှင့် ဘဏ္ဍာရေးဆိုင်ရာ အကြီးအကဲများ တွေ့ဆုံကြပြီး ငွေကြေးဖလှယ်ရာတွင် ဒေါ်လာ၊ ယူရို၊ ယန်း၊ ပေါင်ငွေကြေးတို့အား လျှော့သုံးပြီး ပြည်တွင်းသုံးငွေကြေးများဖြင့် ဖလှယ်အသုံးပြုနိုင်ရေး ဆွေးနွေးခဲ့ကြပါသည်။

ယင်းဆွေးနွေးပွဲမှတစ်ဆင့် ဒေသတွင်းကုန်သွယ်ရေးကိစ္စရပ်များတွင် ပြည်တွင်းငွေကြေးများကို အသုံးပြုရန် တညီတညွတ်တည်း သဘောတူခဲ့ကြသည်။ ထို့ပြင် အာဆီယံဒေသသုံးငွေကြေးမူဘောင် ဖွဲ့စည်းတည်ထောင်ရာတွင် စောင့်ကြည့်စစ်ဆေးရေးလုပ်ငန်းအဖွဲ့တစ်ခုကို ဖွဲ့စည်းရန်လည်း ဆုံးဖြတ်ခဲ့ကြသည်။ အာဆီယံသည် ဒေသတွင်းကုန်သွယ်ရာတွင် အဆင်ပြေချောမွေ့စေရန် ဒစ်ဂျစ်တယ်ငွေပေးချေစနစ်ကို ကျင့်သုံးရန်လည်း ကြိုးပမ်းလျက်ရှိပါသည်။ ၂၀၁၆ ခုနှစ်ကတည်းက ထိုင်းဘဏ်နှင့် မလေးရှားဘဏ်တို့သည် ၎င်းတို့၏ သက်ဆိုင်ရာငွေကြေးများဖြင့် တိုက်ရိုက်ပေးချေရန် သဘောတူညီခဲ့ကြပြီး ၂၀၁၇ ခုနှစ်ရောက်သည့်အခါ အင်ဒိုနီးရှားဘဏ်သည်လည်း ယင်းလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းလာခဲ့ပါသည်။

အာဆီယံထိပ်သီးညီလာခံ ကျင်းပချိန်မှစ၍ မလေးရှားသည်လည်း De-dollarization ကို ဆောင်ရွက်ရန် တက်တက်ကြွကြွ ပါဝင်လာခဲ့သည်။ ၂၀၂၃ ခုနှစ်မတ်လ ၃၁ ရက်နေ့က မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်က တရုတ်သမ္မတရှီနှင့် ပေကျင်းတွင် တွေ့ဆုံခဲ့ကြပြီး ဒေါ်လာ၏ လွှမ်းမိုးမှုကို လျှော့ချရန်နှင့် အာရှငွေကြေးရန်ပုံငွေအဖွဲ့ကို ဖန်တီးရန် တိုင်ပင်ဆွေးနွေးခဲ့ကြသည်။ အာရှဒေသတွင်း ငွေကြေးအသုံးပြုမှုမှာ နည်းပါးသေးသော်လည်း ဈေးကွက်ကို အရှိန်မြှင့်စေသည့် အကြောင်းအချက်များနှင့် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် တဖြည်းဖြည်းအရှိန်မြင့်တက်လာခဲ့ပါသည်။ ယင်းတိုးတက်မှုသည် ဒေသတွင်း အသေးစား၊ အလတ်စားလုပ်ငန်းများကို ဖွံ့ဖြိုးစေသည်သာမက ငွေလဲလှယ်နှုန်းကြောင့် ဖြစ်ပေါ်စေမည့်အန္တရာယ်များကိုလည်း လျှော့ချပေးနိုင်ပါသည်။

အင်ဒိုနီးရှားအပါအဝင် အာရှနိုင်ငံများနှင့် အခြားသော ကမ္ဘာ့နိုင်ငံအများစု၏ ဒေါ်လာကို ဖယ်ရှားရန်ကြိုးပမ်းခြင်း လှုပ်ရှားမှုများကြောင့်လည်း ကမ္ဘာ့အရန်ငွေကြေးစုဆောင်းမှု သတ်မှတ်ချက်များတွင် ဒေါ်လာသည် ယခင်ကထက် သိသိသာသာ ကျဆင်းလာသည်ကို တွေ့ရှိရသည်။ IMF အရ ၂၀၀၀ ပြည့်နှစ်မှ

စာမျက်နှာ ၇ သို့ ☆

> **အာရှနိုင်ငံများနှင့် အခြားသော ကမ္ဘာ့နိုင်ငံအများစု၏ ဒေါ်လာကို ဖယ်ရှားရန် ကြိုးပမ်းခြင်း လှုပ်ရှားမှုများကြောင့်လည်း ကမ္ဘာ့အရန်ငွေကြေးစုဆောင်းမှု သတ်မှတ်ချက်များတွင် ဒေါ်လာသည် ယခင်ကထက် သိသိသာသာကျဆင်းလာသည်ကို တွေ့ရှိရသည်။ IMF အရ ၂၀၀၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်များအတွင်း အမေရိကန်ဒေါ်လာသည် ကမ္ဘာ့အရန်ငွေကြေးဈေးကွက်တွင် ယခင်က ၇၁ ဒသမ ၁၄ ရာခိုင်နှုန်းခန့် နေရာယူထားရာမှ ၅၈ ဒသမ ၃၆ ရာခိုင်နှုန်းသို့ ကျဆင်းသွားသည့်အတွက် ၁၃ ရာခိုင်နှုန်းလောက် လျော့ကျသွားကြောင်း တွေ့ရ**

# မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်ရုံးခန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၅

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်ရုံးခန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် လမ်း(၅၀) အမှတ်(၁၆၀)၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံးညွှန်ကြားရေးမှူးဦးဇော်ဦး၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ညွှန်ကြားရေးမှူး ဦးဇော်ဦး၊ ပုဇွန်တောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းလှိုင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)ဥက္ကဋ္ဌ ဦးသိန်းလွင်နှင့်မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဝင်းကြိုင်တို့က မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဗဟိုအဖွဲ့ချုပ်ရုံးခန်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဆီမီးထွန်းညှိပူဇော်ပေးကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာကြသူများအား မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဗဟိုအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများကခြုံပဝါများလွှမ်းခြုံပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)ဥက္ကဋ္ဌ ဦးသိန်းလွင်၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံးညွှန်ကြားရေးမှူးဦးဇော်ဦး၊ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်)ညွှန်ကြားရေးမှူး ဦးဇော်ဦး၊ ပုဇွန်တောင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းလှိုင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းကြိုင်နှင့်တာဝန်ရှိသူများက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူ ဗဟိုအဖွဲ့ချုပ်အတွင်းရေးမှူး ဦးလှရွှေက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိသည်။

**အောင်မြင့်(ပြန်/ဆက်)**



# ပအိုဝ်းအမျိုးသားခေါင်းဆောင် ဦးအောင်ခမ်းထီ ဟိုပုံးမြို့နယ်၌ မြန်မာနိုင်ငံလုံးဆိုင်ရာ နာဂပုရသာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲအား လာရောက်ဖူးမြော်ကြည်ညို

ဟိုပုံး နိုဝင်ဘာ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ပအိုဝ်းအမျိုးသားခေါင်းဆောင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)နာယက ဦးအောင်ခမ်းထီနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၁၀ နာရီက နောင်တောင်းပရဟိတတပ်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ရောက်ရှိ၍ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီးနောက် နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

**ကြည့်ရှုအားပေး**

မွန်းလွဲပိုင်းတွင် ပအိုဝ်းအမျိုးသားခေါင်းဆောင် ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်(PNO)နာယက ဦးအောင်ခမ်းထီနှင့် တာဝန်ရှိသူများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ် အောက်စဖို့ဒ် ဆရာတော် ပါမောက္ခ ဒေါက်တာ အရှင်ဓမ္မသာမိအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ် အောက်စဖို့ဒ် ဆရာတော် ပါမောက္ခ ဒေါက်တာ အရှင်ဓမ္မသာမိက နာဂပုရသာသနာလင်္ကာရအသင်းက ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ(တတိယအကြိမ်မြောက်) နာဂပုရသာသနာလင်္ကာရသာမဏေကျော်စာမေးပွဲ (တတိယ) နေ့ဖြေဆိုနေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိသည်။

အဆိုပါစာမေးပွဲတွင် မြန်မာနိုင်ငံအရပ်ရပ်မှ ရဟန်း၊ သာမဏေ၊ သီလရှင်များက ဝင်ရောက်ဖြေဆိုလျက်ရှိပြီး မူလတန်းအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၃၅၉ ပါး၊ ပထမအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၉၉၇ ပါး၊ ဒုတိယအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၃၈၂ ပါး၊ တတိယအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၃၄၈ ပါး စုစုပေါင်း ရဟန်း၊ သာမဏေ၊ သီလရှင် ၂၀၈၆ ပါး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး အဆိုပါစာမေးပွဲကို မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်မှ ၆ရက် နိုဝင်ဘာ ၁၃ ရက်မှ ၁၈ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး စာအောင်သံဃာတော်များအား ဆွမ်းဆန်လောင်းလှူပွဲနှင့် ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းခြင်းတို့ကို နိုဝင်ဘာ ၁၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# ထန်းတပင်မြို့နယ်၌ ပြည်သူလူထုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေး

ပဲခူး နိုဝင်ဘာ ၁၅

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ သွေးတိုး၊ ဆီးချိုရောဂါ ဝေဒနာရှင်များအတွက် အပတ်စဉ် ဗုဒ္ဓဟူးနေ့နံနက်ပိုင်းတွင် မြို့နယ်ပြည်သူ့ဆေးရုံ မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရ သည်။



ထိုသို့ဆောင်ရွက်ပေးရာ မြို့နယ်နှင့်အနီးအနားရှိ အသက် ၄၀ နှင့်အထက် သက်ကြီးရွယ်အိုများ၊ သွေးတိုး၊ ဆီးချို ရောဂါအခံရှိသူများ၊ နာတာရှည်ဝေဒနာရှင်များကို စစ်ဆေး ဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့် ဆေးကုသမှုများ ခံယူနိုင်စေရန် ကျန်းမာရေးအသိပညာပေးခြင်းများကို မြို့နယ်ကျန်းမာရေးစစ်ဆေးရေးအဖွဲ့က စနစ်တကျ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

☆ စာမျက်နှာ ၆ မှ

၂၀၂၂ ခုနှစ်များအတွင်း အမေရိကန်ဒေါ်လာသည် ကမ္ဘာ့အရန်ငွေကြေး ဈေးကွက်တွင် ယခင်က ၇၁ ဒသမ ၁၄ ရာခိုင်နှုန်းခန့် နေရာယူထားရာမှ ၅၈ ဒသမ ၃၆ ရာခိုင်နှုန်းသို့ ကျဆင်းသွားသည့်အတွက် ၁၃ ရာခိုင်နှုန်းလောက် လျော့ကျသွားကြောင်း တွေ့ရသည်။

### အာဆီယံဒေသတွင်း ငွေပေးချေစနစ်အပြောင်းအလဲ

အာဆီယံသည် ဒေသတွင်း ငွေပေးချေမှုနှင့် ပတ်သက်၍ QR code စနစ်ကို အသုံးပြုပြီး လျင်မြန်ထိရောက်စွာပေးချေနိုင်ရန် ဆောင်ရွက်နေသည်။ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်း ဗဟိုဘဏ်တို့သည် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို ပေးချေရာတွင် QR code စနစ်ကို အသုံးပြုခြင်းဖြင့် ဒေသတွင်းရှိ စားသုံးသူနှင့် MSME လုပ်ငန်းရှင်များ ပိုမိုပါဝင်လာအောင် တွန်းအားဖြစ်စေပါသည်။

(၄၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုများ (Cross-border payments) နှင့် ပတ်သက်၍ သဘောတူညီချက် ချမှတ်နိုင်ခဲ့သည်။ ထို့ကြောင့် အာဆီယံနိုင်ငံများသည် ပြည်တွင်းငွေကြေးများကို အသုံးပြုပြီး ငွေပေးချေနိုင်ပြီဖြစ်ပါသည်။ ယင်းသဘောတူညီချက်အရ ဗဟိုဘဏ်အသီးသီးသည် ပြည်တွင်းငွေကြေးများကို တရားဝင်အသုံးပြုသွားမည်ဖြစ်ပြီး သက်ဆိုင်ရာ ငွေကြေးလဲလှယ်နှုန်းများအပေါ် မူတည်၍ တန်ဖိုးများ ပြောင်းလဲသတ်မှတ်သွားမည် ဖြစ်ပါသည်။

နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုစနစ်များကို အသုံးပြုခြင်းဖြင့် ဘဏ္ဍာရေးဆိုင်ရာ ခံနိုင်ရည်များ တိုးမြင့်လာမည်ဖြစ်သလို ဒေသတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရာတွင် ပြည်တွင်း ငွေကြေးအသုံးပြုမှု အားကောင်းလာစေမည် ဖြစ်ပါသည်။ ထို့ပြင် ရေရှည်တွင်လည်း အာဆီယံသည် ဒေါ်လာ အပေါ်မှီတည်၍ ငွေကြေးလဲလှယ်နှုန်း အပြောင်းအလဲ၊ အတက်အကျများ နည်းပါးလာပြီး ငွေကြေးတည်ငြိမ်မှုရှိလာမည် ဖြစ်ပါသည်။ ဤသို့အားဖြင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် နိုင်ငံများအကြား ပိုမိုစုစည်းလာကာ ကမ္ဘာ့အလယ်တွင် ရေရှည်တည်တံ့ ခိုင်မာသော ဒေသတွင်းစီးပွားရေး အင်အားစုတစ်ခုအနေဖြင့် ရပ်တည်လာနိုင်မည်ဖြစ်ပါသည်။

### အားသာချက်၊ အားနည်းချက်များနှင့် De-dollarization

နိုင်ငံအများစုသည် De-dollarization ကို အကောင်အထည်ဖော်သည့် အခြေခံအဆင့်တွင်သာရှိသေးပြီး လေ့လာရမည့် နယ်ပယ်များစွာ ကျန်ရှိနေပါသည်။ သို့သော် De-dollarization နှင့် ပတ်သက်၍ အတိတ်သင်ခန်းစာများကို နမူနာယူပြီး ၎င်း၏ အားသာချက်၊ အားနည်းချက်များကို သိရှိလေ့လာနိုင်ပါသည်။ De-dollarization သည် မက်ခရိုနှင့် မိုက်ခရိုစီးပွားရေးစနစ်များကို ပေါင်းစပ်ထားပြီး အရောင်းအဝယ်လုပ်ငန်းများတွင် ဒေသတွင်းငွေကြေးများကို ပိုမိုအသုံးပြုနိုင်ရန် တွန်းအားဖြစ်သကဲ့သို့ ဒေါ်လာအပေါ် မှီခိုခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်များနှင့် ပတ်သက်၍လည်း သတိပြုမိလာစေပါသည်။

နိုင်ငံများသည် ကုန်သွယ်ရေးဆောင်ရွက်ရာတွင် ငွေကြေးများကို ထပ်တလဲလဲ လဲလှယ်စရာမလိုဘဲ ၎င်းတို့၏ ကိုယ်ပိုင်ငွေကြေးများဖြင့် တိုက်ရိုက်ကုန်သွယ်နိုင်သည်။ ထို့ပြင် ဒေါ်လာအပေါ်မှီခိုမှုလျှော့ချခြင်းဖြင့် နိုင်ငံများသည် စီးပွားရေးအရ ပိုမိုလွတ်လပ်စွာ လှုပ်ရှားလာနိုင်ကြသည်။ အမေရိကန်စီးပွားရေးတည်ငြိမ်မှု ရှိ/ မရှိနှင့် မသက်ဆိုင်တော့ဘဲ နိုင်ငံများသည် စီးပွားရေးအကျပ်အတည်းများကို လျှော့ချလာနိုင်သလို ကြိုတင်ပြင်ဆင်မှုများကိုလည်း ဆောင်ရွက်လာနိုင်သည်။

အားနည်းချက်များအနေဖြင့် ဒေါ်လာဖယ်ရှားခြင်းဖြစ်စဉ်ကို ရုတ်ခြည်းဆောင်ရွက်ပါက ကမ္ဘာ့စီးပွားရေးတွင် အပြောင်းအလဲများ ဖြစ်ပေါ်စေပြီး စီးပွားရေးမတည်ငြိမ်မှုကိုလည်း ဖြစ်ပွားစေနိုင်ပါသည်။ အထူးသဖြင့် De-dollarization ဖြစ်စဉ်အစတွင် နိုင်ငံများသည် ငွေကြေးလဲလှယ်နှုန်း အတက်အကျကိုမကြာခဏ ကြုံတွေ့ရမည်ဖြစ်သည်။ အကြောင်းမှာ ဒေါ်လာသည် နှစ်ပေါင်းများစွာတိုင် ကုန်သွယ်ရေးတွင် လွှမ်းမိုးထားလျက်ရှိရာ ဒေါ်လာကိုဖယ်ရှားပစ်ရန်မှာ အနည်းနှင့်အများ ရိုက်ခတ်မှုများရှိလာနိုင်ပါသည်။ အခြားနိုင်ငံများအနေဖြင့် ဒေါ်လာကို အစားထိုးရန် ငွေကြေးအသစ်တစ်ခုဖန်တီးမည်ဆိုလျှင်တောင် ကမ္ဘာ့ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် အရင်းအနှီး စီးဆင်းမှုများကို ကြီးမားစွာ ထိခိုက်လာစေမည်ဖြစ်သည်။ ထို့ပြင် ကမ္ဘာ့စီးပွားရေး အသိုက်အဝန်းအနေဖြင့်လည်း ငွေကြေးအသစ်တစ်ခုကို လက်ခံကျင့်သုံးရန်မှာ မရေရာသည့်ကိစ္စ ဖြစ်ပါသည်။ ဥပမာအနေဖြင့် တရုတ်သည် ယခင်က Petrodollar ကို တုံ့ပြန်ရန် Petroyuan ကို တည်ထောင်ခဲ့ဖူးသော်လည်း နိုင်ငံအချို့က ပိုနေမြဲကျားနေမြဲအခြေအနေတွင်သာနေထိုင်လိုပြီး ပြောင်းလဲမှုအသစ်များကိုမူ မလိုလားခဲ့ကြပေ။

အချုပ်အားဖြင့်ဆိုရသော် De-dollarization သည် ကမ္ဘာ့စီးပွားရေးတွင် အချိန်နှင့်အမျှ တိုးတက်နေဆဲ ဖြစ်စဉ်တစ်ခုဖြစ်သည်။ နိုင်ငံအများစုသည် ဒေါ်လာ၏လွှမ်းမိုးမှုမှ ကင်းလွတ်ရန်၊ ဒေါ်လာကြောင့် ဖြစ်ပေါ်လာနိုင်သည့် ခြိမ်းခြောက်မှုများကို လျှော့ချရန် ကြိုးပမ်းရှာဖွေလျက် ရှိနေကြသည်။ ထင်ရှားသည့် လတ်တလောသာဓကများမှာ ရုရှားနိုင်ငံသည် ၎င်း၏ ရူဘယ်ငွေကို ရွှေနှင့် အာမခံသည့်ငွေကြေးစနစ်ကို ထူထောင်လိုက်ပြီဖြစ်ပါသည်။

မိမိနိုင်ငံအနေဖြင့်လည်း ရွှေစုချိန်တန်ပြီဖြစ်ကြောင်း ပညာရှင်များ၏ အကြံပြုချက်များကို မကြာခဏ ကြားသိနေရပါသည်။ မူဝါဒရေးဆွဲချမှတ်သူများအနေဖြင့် De-dollarization ဖြစ်စဉ်စဉ်ဆက်မပြတ် အောင်မြင်သွားရန်နှင့် ပြည်တွင်းသုံးငွေကြေးများ ဒေါ်လာကဲ့သို့ တွင်တွင်ကျယ်ကျယ် အသုံးပြုလာနိုင်ရေး ဆက်လက်ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ De-dollarization ၏ အနာဂတ်သည် မသေချာ မရေရာသေးသော်လည်း ယင်းအတွက် ကြိုးပမ်းမှုများကိုမူ ရှောင်လွှဲ၍ ရနိုင်မည်မဟုတ်ပါသောကြောင့် နိုင်ငံများအနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ကိုးကား**


- The State of De-dollarization in Asia and Indonesia
- ASEAN to Increase Local Currency Trade, Reducing Reliance on the US Dollar
- What is meant by de-dollarization?

# အလုပ်ရုံ စစ်ဆေးရေးဆိုင်ရာ မွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၅**

အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၏ အလုပ်ရုံစစ်ဆေးရေးဆိုင်ရာ မွမ်းမံသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက စစ်ဆေးရေးအရာရှိများအနေဖြင့် စစ်ဆေးရေးသွားရောက်ရာတွင် လုပ်ငန်းခွင်တွင်ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များကို ရှာဖွေဖော်ထုတ်ပြီး ထိရောက်သည့် ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊ အလုပ်ရှင်၊ အလုပ်သမားများအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးပို့ချပေးခြင်း၊ လုပ်ငန်းခွင်ပတ်ဝန်းကျင်အခြေအနေ တိုင်းတာအကဲဖြတ်ခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးကော်မတီအဖွဲ့ဝင်များနှင့် အသိအမြင်များ ဆွေးနွေးဖလှယ်၍ လိုအပ်သည့် အကြံဉာဏ်များ ထောက်ပံ့ပေးခြင်း စသည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ပေးခြင်းဖြင့် လုပ်ငန်းခွင်ထိခိုက်မှု မဖြစ်ပွားစေရန် ကြိုတင်တားဆီးကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ စစ်ဆေးရေးအရာရှိများအနေဖြင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို အလေးထားဆောင်ရွက်ကြရန်လိုကြောင်း။

တိုးတက်ပြောင်းလဲနေသည့် ခေတ်ကာလအခြေအနေနှင့်အညီ နည်းပညာအသစ်များကြောင့် ဖြစ်ပေါ်လာမည့် လုပ်ငန်းခွင်ဘေးအန္တရာယ်များ၊ ကြိုတင်ကာကွယ်ရေး နည်းလမ်းများကို မျက်ခြည်မပြတ် လေ့လာနေရန်လိုအပ်ကြောင်းနှင့် မြန်မာနိုင်ငံ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ် အဆင့်မြှင့်တင်နိုင်ရန် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ပြီး သင်တန်းတက်ရောက်ပြီးစီးမှု အသိအမှတ်ပြုလက်မှတ်များကို သင်တန်းသား သင်တန်းသူများထံ ပေးအပ်သည်။

သင်တန်းကာလအတွင်း စစ်ဆေးရေးအရာရှိများကို လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဘာသာရပ်များကို စာတွေ့သင်ကြားပို့ချရုံသာမက လုပ်ငန်းခွင်သို့ ကွင်းဆင်းစစ်ဆေးခြင်း၊ သင်ထောက်ကူပြုပစ္စည်းများဖြစ်သည့် လုပ်ငန်းခွင်ပတ်ဝန်းကျင် တိုင်းတာရေးကိရိယာများဖြင့် တိုင်းတာအကဲဖြတ်ခြင်း (Working Environment Measurement) တို့ကို လက်တွေ့ဆောင်ရွက်စေခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒက္ခိဏသီရိမြို့နယ်၌ ဒုတိယနေ့အဖြစ် မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၅**

မဲဆန္ဒရှင် ပြည်သူများအနေဖြင့် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) နှင့်စပ်လျဉ်း၍ စနစ်တကျ သိရှိနားလည်ပြီး ကောင်းမွန်စွာ အသုံးပြုဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများသည် MEVM စက် ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများကို မဲဆန္ဒရှင်အသိပညာပေး လုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိသည်။

**တက်ရောက်**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဒက္ခိဏသီရိမြို့နယ်၌ ဒုတိယနေ့အဖြစ် MEVM စက် ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဆောင်ရွက်ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ကြာပင်ကျေးရွာအုပ်စုနှင့် ကျွန်းတက်ပွဲကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိဦးအောင်စိုးဝင်းနှင့်တာဝန်ရှိသူများက MEVM စက် တည်ဆောက်ပုံ၊ အသုံးပြုပုံနည်းလမ်းများ၊ စက်နှင့်စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းပြောကြားကြပြီး လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆက်လက်ဆောင်ရွက်ရာ မဲဆန္ဒရှင်ပြည်သူများက မဲပေးစက်၏ ထိန်းချုပ်စက် (Control Unit)ကို ကိုင်တွယ်ဆောင်ရွက်ခြင်း၊ စမ်းသပ်မဲပေးခြင်း၊ မဲပေးစက်မှထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များ တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ် မှန်၊ မမှန် စိစစ်ခြင်းတို့ကို ကိုယ်တိုင်ကိုယ်ကျ စိတ်ကျေနပ်မှုရရှိသည်အထိ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်တုန်းမြို့နယ်၌ အမှိုက်စွန့်ပစ်မှုပညာပေးဟောပြောပွဲ ကျင်းပ

**ညောင်တုန်း နိုဝင်ဘာ ၁၅**

ဧရာဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်စွန့်ပစ်မှုပညာပေး ဟောပြောပွဲများကို ယနေ့ နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်စည်ပင်သာယာရေး အဖွဲ့လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီလာဦးက ကျောင်းသား ကျောင်းသူလေးများ စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်တတ်စေရန်၊ အမှိုက်စို၊ အမှိုက်ခြောက်များကို ခွဲခြားစွန့်ပစ်တတ်စေရန်၊ တစ်ကိုယ်ရေအမှိုက်စွန့်ပစ်မှု လျှော့ကျစေရန်စသည့် ရည်ရွယ်ချက်များကို ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်တင်မိုးသူ၊ ဒုတိယဦးစီးမှူးဦးအောင်နိုင်နှင့် ဦးသန်းကျော်တို့က အမှိုက်အမျိုးအစားအလိုက် စနစ်တကျစွန့်ပစ်နည်း၊ အမှိုက်များကို စနစ်တကျ မစွန့်ပစ်ခြင်းကြောင့် ဖြစ်ပွားနိုင်သည့်ရောဂါများ အကြောင်း၊ ရေထု၊ လေထု၊ မြေထုညစ်ညမ်းခြင်း အကြောင်းအရာများကို ဟောပြော သရုပ်ဖော်ပြသ၍ ကျောင်းသား ကျောင်းသူများကို မေးခွန်းများ ပြန်လည်မေးမြန်းပြီး အဖြေမှန်သူများအား ဆုလက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# အလုပ်ခွင်ပြင်ပ ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်များထုတ်ပေး



**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော ရွှေသံလွင်စက်မှုဇုန်ရှိ ဖူဟင်း (ရွှေခရ)အထည်ချုပ်စက်ရုံမှ အခြေခံအလုပ်သမားများဖြစ်သည့် ဒေါ်နုနုထွေးနှင့် ဒေါ်မေသူဟန်တို့သည် အလုပ်ခွင်ပြင်ပတွင် ထိခိုက်ဒဏ်ရာဖြင့် သေဆုံးသွားသည့်အတွက် ကျန်ရစ်သူမိသားစုဝင်များအား ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ယနေ့ နံနက် ၁၀ နာရီက အာမခံအလုပ်သမားများ၏ မိသားစုဝင်များအား အကျိုးခံစားခွင့်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ထုတ်ပေး**

အဆိုပါ အာမခံအလုပ်သမားနှစ်ဦးသည် စက်တင်ဘာ ၁၈ ရက်က စက်ရုံမှ ဖယ်ရီကားစီး၍ နေအိမ်သို့ ပြန်ရာလမ်းတွင် ယာဉ်တိုက်မှုဖြစ်ပွား၍ သေဆုံးခဲ့သော အာမခံအလုပ်သမား ဒေါ်နုနုထွေး၏ ကျန်ရစ်သူ အကျိုးခံစားခွင့်ပြုငွေကျပ် ၄၄၂၈၀၀၀ နှင့် ဒေါ်မေသူဟန်၏ အကျိုးခံစားခွင့်ငွေကျပ် ၄၁၄၀၀၀၀ စုစုပေါင်း ငွေကျပ် ၈၅၆၈၀၀၀ ကို အလုပ်ဌာနတာဝန်ရှိသူများ၊ ရုံးခွဲတာဝန်ခံများ၊ အလုပ်သမားရေးရာညှိနှိုင်းရေးကော်မတီ (WWCC) အဖွဲ့ဝင်များ ရှေ့မှောက်တို့တွင် အာမခံအလုပ်သမားများ၏ မိသားစုဝင်များအား ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ထားဝယ်မြို့၌ ဆင်းသုခစပါးမျိုးစံပြကွက် ရိတ်သိမ်း



**ထားဝယ် နိုဝင်ဘာ ၁၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန တစ်မြို့နယ် တစ်ရွာဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာ ကျောက်မော်ကျေးရွာရှိ တောင်သူဦးအောင်မျိုးသန့် ၏ လယ်မြေတွင် ယမန်နေ့နံနက်ပိုင်းက ဆင်းသုခစပါးမျိုးအား စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧက အစိုတင်း ၁၁၇ တင်း ထွက်ရှိကြောင်း သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းနေမှုအား ထားဝယ်ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းမြ၊ မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ် လွိုင်ကော်မြို့တို့တွင် တိုက်ပွဲဖြစ်ပွားမှုအခြေအနေနှင့်ပတ်သက်၍ တပ်မတော်မှဆောင်ရွက်နေမှုအခြေအနေများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့ထိတွေ့တိုက်ပွဲဖြစ်ပွားမှု အခြေအနေများအနေနဲ့ကတော့ ရှမ်းပြည်နယ် အရှေ့မြောက်ဘက်မှာ လောက်ကိုင်နားလေးမှာရှိတဲ့ ရှင်ခုတ်ထန်စခန်းကို ဝင်ရောက်တိုက်ခိုက်နေတာရှိတယ်။ ပြီးရင်တော့ အမှတ်( ၂၉၀ ) ခြေလျင်တပ်ရင်း တာမိုးညဲကို ဝင်ရောက်တိုက်ခိုက်နေတာရှိတယ်။ တာမိုးညဲမှာတော့ မနက်ကတည်းတိုင် Drone တွေနဲ့ Drop Bomb အလုံးရာကျော်လောက်ချပြီး တိုက်ခိုက်နေတာရှိတယ်။ တာမိုးညဲမှာရှိနေတဲ့ အရာရှိ/ စစ်သည်များ၊ တပ်မှီခိုမိသားစုဝင်များနဲ့ အပြင်းအထန် ခုခံတိုက်ခိုက်နေတာရှိပါတယ်။ ဒီအရာရှိ / စစ်သည်/ ရဲမေတွေရဲ့ နိုင်ငံချစ်စိတ်၊ တပ်မတော်ချစ်စိတ်၊ ကြံ့ကြံ့ခံ ခုခံကာကွယ်မှုကို နိုင်ငံတော်အကြီးအကဲများ၊ တပ်မတော်အကြီးအကဲများအနေနဲ့ အထူးအသိအမှတ်ပြုကြောင်း ပထမဦးဆုံး ပြောကြားလိုပါတယ်။

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေမှာတော့ ထရွှန်အိုင်စခန်းကို အင်အားအလုံးအရင်းနဲ့ အကြိမ်ကြိမ်တိုက်ခိုက်တာမျိုးရှိတယ်။ ထရွှန်အိုင်စခန်းရဲ့ ကြံ့ကြံ့ခံခုခံမှုကြောင့် ရန်သူအကျအဆုံးများစွာနဲ့ ပြန်လည်ဆုတ်ခွာသွားတယ်။ အနီးအနားမှာ လိုက်လံရှင်းလင်းလျက်ရှိတယ်။ ဒီထရွှန်အိုင်စခန်းဟာ ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယနဲ့မြန်မာ ဆက်သွယ်ဆောင်ရွက်နေတဲ့နေရာမှာ အရေးကြီးတဲ့ စခန်းဖြစ်ပါတယ်။ ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ရခိုင်ပြည်သူလူထုတစ်ရပ်လုံးကို တိုးတက်အောင်လုပ်ပေးမယ်ဆိုတဲ့ AA ကိုယ်တိုင် ဖျက်ဆီးပစ်နေတာဖြစ်တယ်လို့ ပြောချင်ပါတယ်။ ဒီနေ့ လွိုင်ကော်မှာတော့ လွိုင်ကော်အကျဉ်းထောင်ကို အပြင်းအထန်တိုက်ခိုက်နေတာမျိုးရှိတယ်။ မနက်ပိုင်းမှာတော့ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှာ လာရောက်ပစ်ခတ်ပြီး ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးနားမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့တယ်။ ရန်သူကျဆုံးမှုများရှိပြီးတော့ ပြန်လည်ဆုတ်ခွာသွားတာရှိပါတယ်။

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ ရှမ်းပြည်နယ်အရှေ့မြောက်ဘက်မှာတော့ အချို့သောစခန်းတွေကို Drop Bomb တွေနဲ့ပဲ Drone သုံးပြီးတော့ Drop Bomb နဲ့ပဲ အကြိမ်ကြိမ်လာရောက်တိုက်ခိုက်နေတာရှိတယ်။ အချို့သောစခန်းတွေကို စစ်နည်းဗျူဟာအရ ပြန်လည်ပေါင်းစည်းခဲ့ရတာမျိုးတွေရှိပါတယ်။ ပြောင်းလဲလာတဲ့ စစ်နည်းဗျူဟာတွေအရ Drone သုံးပြီး တိုက်ခိုက်ခံရမှုကို အမြန်ဆုံး ထိရောက်စွာကာကွယ်နိုင်ဖို့ ဆောင်ရွက်လျက်ရှိတယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာကတော့ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ထောက်ခံအားပေးမှု အရေးကြီးပါတယ်။ တပ်မတော်အနေနဲ့ ခေတ်အဆက်ဆက်မှာ အသက်သွေးချွေးများပေးပြီး နိုင်ငံတော်ကို တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးကာလမှာ တစ်နိုင်ငံလုံးအကြမ်းဖက်သောင်းကျန်းသူတွေရဲ့လက်အောက်ကို ရောက်နေတာဖြစ်တယ်။ ရန်ကုန်မြို့ကွက်ကွက်ကလေးပဲ ကျန်နေတယ်ဆိုတာ တောင်မှ ရန်ကုန်မြို့မှာ အင်းစိန်ဒေသသည် KNDO လက်ထဲမှာ ရောက်နေတာဖြစ်တယ်။ ဒီအခြေအနေကနေပြီး တပ်မတော်အနေနဲ့ နိုင်ငံတစ်ခုလုံးကို ပြန်လည်တည်ဆောက်ခဲ့ရခြင်းဖြစ်တယ်။




ခုချိန်မှာလည်း နိုင်ငံတစ်ဝန်းမှာရှိတဲ့ မြို့ပေါင်း ၃၀ ကျော်မှာ တပ်မတော်ထောက်ခံမှုတွေ၊ တပ်မတော်သားတွေနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို ထောက်ခံမှုများ တစ်ခဲနက်ပြုလုပ်နေတာရှိတယ်။ ရှေ့တန်းရောက် စစ်သည်လုံခြုံရေးဆောင်ရွက်နေတဲ့ လုံခြုံရေးအဖွဲ့အစည်းများအတွက် အလှူငွေများ ပေးအပ်နေတာရှိပါတယ်။ မနေ့က လွိုင်ကော်တက္ကသိုလ်မှာ အကြမ်းဖက်များအနေနဲ့ ဝင်ရောက်တိုက်ခိုက်ပြီး လွိုင်ကော်တက္ကသိုလ်ကဝန်ထမ်းတစ်ဦးကို သတ်ဖြတ်သွားတဲ့ပုံတွေ ပျံ့နှံ့သွားတာကို တွေ့ရမှာဖြစ်တယ်။ ကျွန်တော်တို့အနေနဲ့ ကယ်ထုတ်နိုင်ခဲ့တဲ့ အရေအတွက်တွေ၊ ပညာရေးဆိုင်ရာ အဆောက်အအုံတွေကို စစ်ရေးပစ်မှတ်အဖြစ် တိုက်ခိုက်ခဲ့တဲ့ဟာတွေ ကျွန်တော်တို့ ထုတ်ပြန်ခဲ့ပါတယ်။ ဒီနေရာမှာ ပြည်သူလူထုတစ်ရပ်လုံးနဲ့ အဖွဲ့အစည်းအသီးသီးရဲ့ ဝိုင်းဝန်းဆန့်ကျင်မှုကြောင့် ဒီမနက်မှာပဲ သူတို့ကပဲကယ်တင်သလို ဝါဒဖြန့်မှုမျိုးတွေ ပြုလုပ်တာဖြစ်ပါတယ်။ ဒါဟာထိရောက်မှုတစ်ခုပါပဲ။ ကမ္ဘာမှာလည်း ပညာရေး၊ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ အဆောက်အအုံတွေ၊ လုပ်ငန်းတွေကို ထိခိုက်တာမျိုး ဘယ်သူမှ လက်ခံမှာမဟုတ်ပါဘူး။ ဒါမျိုးလုပ်ငန်းတွေကို အကြမ်းဖက်သောင်းကျန်းသူတွေ၊ NUG အမည်ခံ အကြမ်းဖက်အဖွဲ့က ဦးဆောင်ပြီး လုပ်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့ အကြိမ်ကြိမ်လည်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ တချို့မြို့တွေမှာ ဝင်ရောက်စီးနင်းပြီးတော့ ပြည်သူပိုင်အဆောက်အအုံတွေ ဖျက်ဆီးတာတွေ၊ ကျန်းမာရေးနဲ့ ပညာရေးအဆောက်အအုံတွေမှာ ခံကတုတ်ကျင်းအဖြစ်လုပ်ပြီး ဘန်ကာများဆောက်လုပ်၊ ဆက်သွယ်ရေးမြောင်းတွေတူးပြီးတော့ စစ်စခန်းအဖြစ်တည်ဆောက်ထားတာတွေဟာ အထင်အရှားတွေ့ရမှာဖြစ်ပါတယ်။ ဒါတွေကို အားလုံးက ဝိုင်းဝန်းဆန့်ကျင်ဖို့ နိုင်ငံတကာနဲ့ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပက စောင့်ကြည့်နေတဲ့ နိုင်ငံတကာအဖွဲ့အစည်းများအနေနဲ့လည်း ဆန့်ကျင်ဖို့၊ အဖြစ်မှန်သိဖို့ အရေးကြီးပါတယ်။

ကျွန်တော်တို့အနေနဲ့ အခုအချိန်မှာ မြန်မာနိုင်ငံရဲ့ အလုံးစုံပျက်သုဉ်းရေးကိုဦးတည်ပြီး တိုက်ခိုက်နေတဲ့ သောင်းကျန်းသူတွေ၊ NUG အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ လုပ်ဆောင်ချက်တွေ၊ ပြည်သူလူထုအပေါ်မှာ ရက်စက်ကြမ်းကြုတ်မှုတွေကို မျက်ဝါးထင်ထင်တွေ့မြင်နေရပြီ ဖြစ်ပါတယ်။ ဒါတွေကို ကာကွယ်ပေးနေတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အရာရှိ/စစ်သည် / ရဲမေများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပူးပေါင်းဆောင်ရွက်နေတဲ့ တာဝန်သိပြည်သူများရဲ့ လုပ်ဆောင်ချက်များကို နိုင်ငံတော်အကြီးအကဲအပါအဝင် တပ်မတော်အကြီးအကဲများအားလုံးက အသိအမှတ်ပြုပါတယ်။ အထူးလေးစားလျက်ရှိပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးကလည်း ဒီအကြမ်းဖက်လုပ်ရပ်တွေကို အမြစ်ပြတ်သည်အထိ ချေမှုန်းသွားနိုင်ရေး တတ်နိုင်တဲ့ဘက်ကနေ ဝိုင်းဝန်းကူညီထောက်ပံ့အားပေးကြဖို့ ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

## နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက ဒံပေါက်ဘူးများ ပေးအပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၅**

နိုင်ငံတော် လုံခြုံရေးနှင့် ကာကွယ်ရေး တာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် ဒံပေါက်ဘူးများနှင့် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။


**ပေးအပ်လှူဒါန်း**


ယနေ့တွင်လည်း စေတနာရှင် အလှူရှင်ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ဘူး ၂၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင် ပြည်သူများလှူဒါန်းသည့် ဒံပေါက်ဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားများ ဘေးအန္တရာယ် ကင်းရှင်းပါစေကြောင်း" စသည့် ဆုတောင်း ကျန်းမာပါစေကြောင်း၊ တိုက်ပွဲတိုင်း အောင်မြင်ပါစေကြောင်း၊ မေတ္တာစာလွှာများ ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**







❖ **ကျောဖုံးမှ**

၂၀၂၆ ကမ္ဘာ့ဖလား နောက်ဆုံးအဆင့်ပွဲစဉ်တွေကို အရှင်ပြိုင်ပွဲတွေကထက် အသင်းအရေအတွက် ပိုများများ ပါဝင်ကစားခွင့်ရတာဟာ အာရှအသင်းတွေအတွက် သိပ်ကောင်းပါတယ်။ အသင်းငယ်တွေအတွက် အခွင့်အရေးပါ။ ကျွန်တော်တို့အသင်းအနေနဲ့က တစ်ဆင့်ချင်း ရလဒ်ကောင်းအောင်လုပ်ဖို့ပါ။ အိမ်ကွင်းမှာကစားမယ့် မြောက်ကိုရီးယားနဲ့ ပွဲစဉ်ဟာ ကျွန်တော်တို့ ရလဒ်ကောင်းရဖို့ အရေးကြီးတဲ့ပွဲပါ။ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်ဖို့ထက် အာရှဖလားအတွက် ပစ်မှတ်ထားတာက ပိုပြီးသဘာဝကျပါတယ်။ အသင်းငယ်တွေ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ဖို့ မျှော်လင့်ချက်များလာပေမယ့် ကျွန်တော်တို့အတွက်တော့ ဒါကလက်တွေ့မဆန်သေးပါဘူး။ မနက်ဖြန်ပွဲကိုပဲ အာရုံစိုက်ပြီး ကျွန်တော်တို့ တစ်သင်းလုံးကြိုးစားပါမယ်"ဟု ပြောကြားသည်။

မြန်မာအသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲတွင် အုပ်စု (ခ)၌ ဂျပန်၊ မြောက်ကိုရီးယား၊ ဆီးရီးယားတို့နှင့် ကျရောက်နေပြီး ယခုလအတွင်း ခြေစစ်ပွဲနှစ်ပွဲ ကစားရမည်ဖြစ်သည်။ **သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MFF**

# KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက လွိုင်ကော်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ခဲ့မှုနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်

နေပြည်တော် နိုဝင်ဘာ ၁၅

KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် နိုဝင်ဘာ ၁၃ ရက်တွင် စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်မဟုတ်သည့် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်းသိရှိရပြီး တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ၏ ယခုကဲ့သို့ အကြမ်းဖက်လုပ်ဆောင်မှုသည် နိုင်ငံတော်တည်ဆောက်ရေးတွင် အလွန်အရေးပါသည့် ပညာရေးကဏ္ဍနှင့် လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ရေးတို့အပေါ် များစွာ ထိခိုက်စေပြီး မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့် အကြမ်းဖက် လုပ်ရပ်ဖြစ်သည့်အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံ ဇေ၀ဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ ယုံကြည်ခြင်း ဧ၀ံဂေလိအသင်းတော် (ပဲခူး)၊ လွတ်မြောက်ခြင်း အသင်းတော်(ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟို အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူ ဖောင်ဒေးရှင်း (ဗဟို)၊ သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ ပိန္နဲကုန်းရခိုင်ဂျာမေဗလီနှင့်ဘူးသီးတောင် မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်းတို့က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ ထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

**၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်**

လွိုင်ကော်တက္ကသိုလ်အား နိုဝင်ဘာ (၁၃)ရက်နေ့တွင် အကြမ်းဖက်သမားများက လက်နက်ကြီးလက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်ပြီး ဆရာ၊ ဆရာမ အချို့အား အဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ လူသားတံတိုင်းအဖြစ်အသုံးချရန် အဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည့်အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)က လုံး၀ လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက် ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## ပြည်ထောင်စု မြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်) သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်**

ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ လွိုင်ကော်တက္ကသိုလ်အား KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက နိုဝင်ဘာ (၁၃)ရက်နေ့တွင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်ပြီး ဆရာ၊ ဆရာမ အချို့အား အဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ အကြမ်းဖက်ဝင်ရောက်တိုက်ခိုက်၍ ပညာရေးကဏ္ဍကို ဖျက်ဆီးခဲ့သည့်လုပ်ရပ်အပေါ် ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက် မြန်မာပြည်)က လုံး၀ လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စု မြန်မာနိုင်ငံမက်သဒစ်အသင်းတော်
(အောက်မြန်မာပြည်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ် နိုဝင်ဘာလ (၁၅) ရက်**

၁။ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ လွိုင်ကော်တက္ကသိုလ်အား ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နှင့် နိုဝင်ဘာလ ၁၄ ရက်တို့တွင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက် ပစ်ခတ်တိုက်ခိုက်ပြီး တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား အဓမ္မဖမ်းဆီး ခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

၂။ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ပညာရေးဝန်ထမ်းများနှင့် လွိုင်ကော်တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ပစ်မှတ်ထား၍ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အဦများ ထိခိုက်ပျက်စီးစေသည့်အတွက် လုပ်ရပ်အား ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)
အလုပ်အမှုဆောင်အဖွဲ့**

## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်**

၁။ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ လွိုင်ကော်တက္ကသိုလ်အား ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နှင့် နိုဝင်ဘာလ ၁၄ ရက်တို့တွင် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက် ပစ်ခတ်တိုက်ခိုက်ပြီး တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား အဓမ္မဖမ်းဆီး ခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

၂။ ပညာရေးဝန်ထမ်းများနှင့် လွိုင်ကော်တက္ကသိုလ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ပစ်မှတ်ထား၍ ဖမ်းဆီးခေါ်ဆောင်ပြီး ပညာရေးဆိုင်ရာ အဆောက်အဦများ ထိခိုက်ပျက်စီးစေသည့် လုပ်ရပ်များအား လုပ်ဆောင်ခဲ့သည့် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအား မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

## မြန်မာနိုင်ငံ ဇေ၀ဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်**

ကယားပြည်နယ်၊ လွိုင်ကော်တက္ကသိုလ်အား KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက နိုဝင်ဘာ (၁၃)ရက်နေ့တွင် လက်နက်ကြီးလက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်ပြီး ဆရာ၊ ဆရာမ အချို့အား အဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အကြမ်းဖက် ဝင်ရောက်တိုက်ခိုက် စီးနင်းဖျက်ဆီးခြင်းနှင့် ပညာရေးဝန်ထမ်းများအား အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်းကို မြန်မာနိုင်ငံဇေ၀ဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က လုံး၀ လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဇေ၀ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်**

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီ မှ သဘောထားထုတ်ပြန်ချက်

**(၁၅.၁၁.၂၀၂၃)**

၁။ လွိုင်ကော်မြို့ရှိ လွိုင်ကော်တက္ကသိုလ်အား KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့်ပစ်ခတ်တိုက်ခိုက်ဖျက်ဆီးကာ တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများနှင့် တက္ကသိုလ်ကျောင်းသူကျောင်းသားများအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

၂။ ယခုကဲ့သို့ အကြမ်းဖက်လုပ်ဆောင်မှုသည် နိုင်ငံ၏အရေးပါသော ပညာရေးကဏ္ဍကို ဖျက်ဆီးမှုတစ်ရပ်ဖြစ်သောကြောင့် ပိန္နဲကုန်းရခိုင်ဂျာမေဗလီက အကြမ်းဖက်အဖွဲ့အစည်းများကို ပြင်းထန်စွာ ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ပိန္နဲကုန်းရခိုင်ဂျာမေဗလီ**

## မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ သဘောထား ထုတ်ပြန်ချက်

KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်ကို လက်နက်ကြီးလက်နက်ငယ်များဖြင့်ပစ်ခတ်တိုက်ခိုက်ကာ တက္ကသိုလ် ဆရာ ဆရာမများနှင့် တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

ယင်းအကြမ်းဖက်လုပ်ဆောင်မှုသည် နိုင်ငံ၏အရေးပါသော ပညာရေးကဏ္ဍကို ဖျက်ဆီးမှုတစ်ရပ်ဖြစ်သောကြောင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အကြမ်းဖက်အဖွဲ့အစည်းများကို ပြင်းထန်စွာ ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။ **မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်**

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်တွင် လွိုင်ကော်မြို့ရှိ လွိုင်ကော်တက္ကသိုလ်အား KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ဖျက်ဆီးကာ တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများနှင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

အကြမ်းဖက်သမားများအနေဖြင့် ယခုကဲ့သို့ နိုင်ငံ၏အရေးပါသော ပညာရေးကဏ္ဍကို ဖျက်ဆီးခဲ့ခြင်းအတွက် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန် ကြေညာချက် (၇/၂၀၂၃)

၁။ (၁၃)ရက်နေ့ နံနက်(၇)နာရီ(၅၀)ခန့်က ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်ကို အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်ပြီး ဆရာ၊ ဆရာမအချို့အား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

၂။ ဒီမိုကရေစီနိုင်ငံတော်အဖြစ်တည်ဆောက်ရာတွင် အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနေသော ပညာရေးဆိုင်ရာ အဆောက်အဦနှင့် ဆရာ၊ ဆရာမများကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းသည် စစ်ရေးပစ်မှတ်မဟုတ်သည့် နေရာများကို တိုက်ခိုက်ခြင်းဖြစ်ပြီး လက်ခံနိုင်ဖွယ်မရှိသည့် လုပ်ရပ်အဖြစ် ရှုမြင်သုံးသပ်ရပါသည်။

၃။ ကယားပြည်နယ်အတွင်း အရေးပါသော လွိုင်ကော်တက္ကသိုလ်ကို ယခုလို အကြမ်းဖက်ဝင်ရောက်တိုက်ခိုက် စီးနင်းဖျက်ဆီးခြင်းကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေဖြင့် လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်

လွိုင်ကော်တက္ကသိုလ်အား နိုဝင်ဘာ(၁၃)ရက်နေ့တွင် အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်ပြီး ဆရာ၊ ဆရာမ အချို့အား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အကြမ်းဖက် ဝင်ရောက်တိုက်ခိုက် စီးနင်းဖျက်ဆီးခြင်းကို မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် နိုဝင်ဘာ ၁၃ ရက်တွင် စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်မဟုတ်သည့် ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရပြီး တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အကြမ်းဖက်သမားများ၏ လူမဆန်သည့် ယုတ်မာ တိုက်ခိုက်မှုဖြစ်ပြီး စစ်ရေးပစ်မှတ်မဟုတ်သည့် ပညာရေးကဏ္ဍကို ပျက်စီးစေသည့် ရည်ရွယ်ချက်ရှိရှိဖြင့် အကြမ်းဖက်တိုက်ခိုက်ခြင်းများဖြစ်၍ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)က ပြင်းထန်စွာ ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**

(၁၅-၁၁-၂၀၂၃)

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် သဘောထားထုတ်ပြန် ကြေညာချက်

ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်ကို PDF နှင့် KNPP အကြမ်းဖက်သမားများက ဝင်ရောက်ပစ်ခတ်ဖျက်ဆီးပြီး ဆရာ၊ ဆရာမအချို့အား လူသားတံတိုင်းအဖြစ်အသုံးချရန် အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခြင်းကို မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်**

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

၁။ ကယားပြည်နယ်ရှိ လွိုင်ကော်တက္ကသိုလ်ကို ၁၃-၁၁-၂၀၂၃ ရက်တွင် သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ပါမောက္ခချုပ်အပါအဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ဓားစာခံများအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

၂။ ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် ကျောင်းသား ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား စာပေပညာသင်ကြားပေးနေသည့် ဆရာ၊ ဆရာမများနှင့် ကလေးသူငယ်များကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားမှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံစာရေးဆရာအသင်းက ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန် အပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## ယုံကြည်ခြင်း ဇေံဂေလိအသင်းတော်(ပဲခူး) သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

၁။ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ လွိုင်ကော်တက္ကသိုလ်အား ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နှင့် နိုဝင်ဘာလ ၁၄ ရက်တို့တွင် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ပြီး တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

၂။ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ပညာရေးဝန်ထမ်းများနှင့် လွိုင်ကော်တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ပစ်မှတ်ထား၍ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အဦများ ထိခိုက်ပျက်စီးစေသည့်အတွက် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်အား ယုံကြည်ခြင်း ဇေံဂေလိအသင်းတော်(ပဲခူး)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ယုံကြည်ခြင်း ဇေံဂေလိအသင်းတော်(ပဲခူး)**

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်

ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ လွိုင်ကော်တက္ကသိုလ်အား KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက နိုဝင်ဘာ (၁၃)ရက်နေ့တွင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်ပြီး ဆရာ၊ ဆရာမအချို့အားအဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အကြမ်းဖက် ဝင်ရောက်တိုက်ခိုက် စီးနင်းဖျက်ဆီးခြင်းနှင့် ပညာရေးအဆောက်အဦများအား ဖျက်ဆီးခြင်းတို့ကို လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)**

## ဘူးသီးတောင်မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်းမှ သဘောထားထုတ်ပြန်ချက်

(၁၅-၁၁-၂၀၂၃)

KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ လွိုင်ကော်တက္ကသိုလ်အား နိုဝင်ဘာ(၁၃)ရက်နေ့တွင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်ကာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူအချို့အား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ ပညာရေးကဏ္ဍကို နှောင့်ယှက်ဖျက်ဆီးခဲ့သည့် အကြမ်းဖက်အဖွဲ့များအား ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**ဘူးသီးတောင်မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်း**

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) သဘောထားထုတ်ပြန်ချက်

(၁၅-၁၁-၂၀၂၃)

၁။ KNPPအဖွဲ့နှင့်PDFအမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက လွိုင်ကော်တက္ကသိုလ်ကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ဖျက်ဆီးကာ တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများနှင့် တက္ကသိုလ်ကျောင်းသူကျောင်းသားများအားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

၂။ ယင်းအကြမ်းဖက်လုပ်ဆောင်မှုသည် နိုင်ငံ၏အရေးပါသော ပညာရေးကဏ္ဍကို ဖျက်ဆီးမှုတစ်ရပ်ဖြစ်သောကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က အကြမ်းဖက်အဖွဲ့အစည်းများကို ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)**

## သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်

KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက နိုဝင်ဘာ (၁၃)ရက်နေ့တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်ပြီး ဆရာ၊ ဆရာမအချို့အား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ယင်းသို့ အကြမ်းဖက်လုပ်ရပ်များကို ဆင်ခြင်တုံတရားမဲ့စွာ လုပ်ဆောင်ခဲ့သည့် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအား လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

၁။ ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ လွိုင်ကော်တက္ကသိုလ်အား KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများနှင့် တက္ကသိုလ်ကျောင်းသူ ကျောင်းသားများအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

၂။ ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့မှုအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က ပြင်းထန်စွာ ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

## ကျန်းမာရေးဝန်ကြီးဌာနမှ မြန်မာကိုယ်စားလှယ်အဖွဲ့ (၂၂) ကြိမ်မြောက် အာဆီယံဟော်မုန်းဗေဒ အဖွဲ့အစည်း၏ ဆေးပညာဆိုင်ရာညီလာခံသို့ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် နိုဝင်ဘာ ၁၅

ကျန်းမာရေးဝန်ကြီးဌာနသည် အာဆီယံဒေသတွင်း နိုင်ငံများနှင့် ကျန်းမာရေး စောင့်ရှောက်မှု နယ်ပယ်များ၊ ဆေးသုတေသနနှင့် ဆေးပညာ လေ့ကျင့်သင်ကြားရေး နယ်ပယ်များတွင် အတွေ့အကြုံ ဖလှယ်ခြင်းနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း လုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ နိုဝင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ ကျင်းပမည့် (၂၂)ကြိမ်မြောက် အာဆီယံဟော်မုန်းဗေဒ အဖွဲ့အစည်း၏ ဆေးပညာဆိုင်ရာ ညီလာခံသို့ တက်ရောက်ရန် မြန်မာနိုင်ငံ ဟော်မုန်းဗေဒ ဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာနမှ ပါမောက္ခ ဒေါက်တာကိုကို ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် လေကြောင်းခရီးစဉ်ဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြသည်။

အာဆီယံဟော်မုန်းဗေဒ အဖွဲ့အစည်း၏ ဆေးပညာဆိုင်ရာ ညီလာခံသည် အာဆီယံဟော်မုန်း ဗေဒ အဖွဲ့ဝင် ခုနစ်နိုင်ငံ စုစည်း ကျင်းပသော ညီလာခံတစ်ခုဖြစ်ပြီး အဆိုပါ ညီလာခံတွင် မြန်မာနိုင်ငံ ဟော်မုန်းဗေဒ ဆေးပညာရှင်အဖွဲ့မှ ပါမောက္ခ ဒေါက်တာမိုးဝင့်အောင်၊ အထူးကုဆရာဝန်ကြီး ဒေါက်တာခင်မျိုးအောင် နှင့် အထူးကုဆရာဝန်ကြီး ဒေါက်တာကြာညိုစိုးမြင့်တို့က အဓိက ဟောပြောသူများအနေဖြင့် ပါဝင် ဆွေးနွေးကြမည်ဖြစ်သည်။

ထိုသို့ ပါဝင်ဆွေးနွေးခွင့် ရရှိခြင်းဖြင့် မြန်မာနိုင်ငံ၏ ဟော်မုန်းနှင့် ဆီးချိုဆိုင်ရာ ကုသမှုအခြေအနေများကို အာဆီယံနိုင်ငံများ အကြား ရင်းနှီးချစ်ကြည်စွာ အမြင်ချင်း ဖလှယ်နိုင်မည်ဖြစ်ပြီး ညီလာခံတွင် နိုင်ငံတကာနှင့် အာဆီယံနိုင်ငံများမှ ဟော်မုန်းဗေဒ ဆေးပညာရှင်များကနောက်ဆုံးပေါ် ကုထုံးများ/ သုတေသနတွေ့ရှိချက်များကို ဆွေးနွေးတင်ပြကြမည်ဖြစ်သောကြောင့် အဆိုပါ ညီလာခံမှရရှိသော အချက်အလက်များကို မြန်မာနိုင်ငံ ဆေးပညာရှင်များအကြား ပြန်လည်မျှဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြဝတီမြို့နယ် ကုန်တင်ကုန်ချကော်မတီရုံး ဝန်ထမ်းမိသားစု ၁၉၀ အား ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး (ပဉ္စမအကြိမ်) ထိုးနှံပေး

မြဝတီ နိုဝင်ဘာ ၁၅

ကရင်ပြည်နယ် အစိုးရအဖွဲ့ အုပ်ချုပ်မှုလက်အောက်ရှိ မြဝတီမြို့နယ် ကုန်တင်ကုန်ချကော်မတီရုံးမှ အမျိုးသားအဆင့် ကျန်းမာရေး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပဉ္စမအကြိမ်) ထိုးနှံပေးခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား (Cargo) ဘက်ခြမ်း၌ ကျင်းပသည်။



အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို မြို့နယ် ကျန်းမာရေးဆရာဝန် ဒေါက်တာမျိုးသန့်ဇင်၏ ဦးဆောင်မှုဖြင့် သူနာပြုဆရာမများက အမှတ်(၂) ချစ်ကြည်ရေးတံတား နှင့် ကုန်သွယ်ရေးဇုန်တို့တွင် တာဝန် ထမ်းဆောင်နေသော ဝန်ထမ်းမိသားစု ၁၉၀ တို့အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (Sinopharm) မထိုးနှံမီ ကိုယ်အပူချိန် တိုင်းတာခြင်း၊ ဓာတ်မတည့်သည့် ဆေး ရှိ/မရှိစစ်ဆေးမေးမြန်းပြီးမှသာ ကျန်းမာရေးဝန်ကြီးဌာန၏ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ စနစ်တကျ ထိုးနှံပေးသည်။

ထိုသို့အမျိုးသားအဆင့်ကျန်းမာရေး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပဉ္စမအကြိမ်) ထိုးနှံပေးခြင်းကို ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နိုင်ဝင်း၊ အဖွဲ့ဝင်(၂) ဦးစိန်သောင်း၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ် ကုန်တင်ကုန်ချကော်မတီရုံးမှ မြို့နယ် ဦးစီးဌာနမှူး ဦးနိုင်စိုးနှင့် လုပ်ငန်းခွင် ကြီးကြပ်သူများက ကြည့်ရှုအားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

## ဟသ်ာတခရိုင် မြန်မာ့အာမခံလုပ်ငန်းက သီးနှံအာမခံလုပ်ငန်းများနှင့်ပတ်သက်၍ တောင်သူအသိပညာပေးဟောပြော



ဟသ်ာတ နိုဝင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ မြန်မာ့အာမခံလုပ်ငန်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့ပူးပေါင်း၍ သီးနှံအာမခံလုပ်ငန်းများနှင့်ပတ်သက်သော တောင်သူအသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း ဒုတိယခရိုင်(တာဝန်ခံ) ဦးဌေးမြင့်က ရာသီဥတုအညွှန်းကိန်း သီးနှံအာမခံလုပ်ငန်းနှင့်ပတ်သက်၍ ရည်ရွယ်ချက်များ၊ အာမခံထားရှိရမည့် လုပ်ငန်းစဉ်များနှင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးဟောပြောကာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင်မန်နေဂျာ ဒေါ်ဥမ္မာမြင့်က ဟသ်ာတမြို့နယ်အတွင်းရှိ တောင်သူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေး တာဝန်ရှိသူများအား မြန်မာ့ချေးငွေလုပ်ငန်းနှင့် ပတ်သက်၍လည်းကောင်း၊ သီးနှံအာမခံထားရှိရေးတို့ကိုလည်းကောင်း ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ တောင်သူများက သီးနှံအာမခံလုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုသောအချက်များကို ပြန်လည်မေးမြန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့

၁။ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ လွိုင်ကော်တက္ကသိုလ်အား ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နှင့် နိုဝင်ဘာလ ၁၄ ရက်တို့တွင် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက် ပစ်ခတ်တိုက်ခိုက်ပြီး ယင်းတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပညာရေးဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများအား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

၂။ စစ်ရေးပစ်မှတ်မဟုတ်သော ပညာရေးဝန်ထမ်းများနှင့် လွိုင်ကော်တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ပစ်မှတ်ထား၍ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အဦများ ထိခိုက်ပျက်စီးစေခြင်းတို့ကို လုပ်ဆောင်ခဲ့သည့်အတွက် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ လုပ်ရပ်အား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့**



## ကျိုက်မရောမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကာကွယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ပညာပေး

ကျိုက်မရော နိုဝင်ဘာ ၁၅

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ကျောင်းသား ကျောင်းသူများအတွက် သဘာဝဘေးအန္တရာယ် ကာကွယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ပညာပေးအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အထက ကျိုက်မရော(ပညာအားမာန်)ခန်းမ၌ ကျင်းပသည်။

ဦးစွာ မော်လမြိုင်ခရိုင် မီးသတ်ဦးစီးမှူးဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်က စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးအစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိပြီး သဘာဝဘေးနှင့် ရင်ဆိုင်ကြုံတွေ့လာပါက လိုက်နာနေထိုင်ဆောင်ရွက်ရမည့် နည်းလမ်းများ၊ အသိပညာ ဗဟုသုတများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျိုက်မရောမြို့နယ် ဒုတိယမီးသတ်ဦးစီးမှူး ဒေါ်သီရိပြည့်စုံက ကျောင်းသား ကျောင်းသူများ စိတ်ဝင်စားဖွယ် ဂိမ်းကစားနည်း ကိုးနည်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး ကျောင်းသားကျောင်းသူများက မီးဘေးကစားနည်းများဖြစ်သည့် သတ်မှတ်ထားသော ပစ်မှတ်ဆီသို့ မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ရသော ကစားနည်း၊ မီးလောင် မီးငြိမ်းသတ်ရေးကတ်များကို အသုံးပြု၍ကစားနည်း၊ စောင်ကိုအသုံးပြု၍ လူနာသယ်ဆောင်ကစားနည်း၊ အိမ်၌ရှိသော ပစ္စည်းများနှင့် ရှေးဦးသူနာပြုစုရမည့် ကစားနည်း၊ ရေသန့်ဘူးအသုံးပြု၍ အသက်ကယ်အင်္ကျီပြုလုပ်နည်း၊ သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ ယူဆောင်သွားရမည့်ပစ္စည်းများကို စဉ်းစားတတ်စေရန် ကစားနည်း၊ ကြိုးကလေးပုံပြင် စသည့်ကစားနည်းများကို ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာ ပါဝင်ကစားခဲ့ကြရာ ထူးချွန်စွာ ကစားနိုင်ခဲ့သော ကလေးများအား မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးတင်သောင်းဦးက အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့သည်။

ထို့ပြင် ခေတ်မီမီးငြိမ်းသတ်ယာဉ်စက်များနှင့် ခေတ်မီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး အထောက်အကူပြုပစ္စည်းများကို လက်တွေ့ကိုယ်တိုင်လေ့လာကြည့်ရှုနိုင်ရန် ခင်းကျင်းပြသပေးခဲ့ကြောင်း သိရသည်။

**မိချို(ပြန်/ဆက်)**

# ရုရှားနှင့် မြောက်ကိုရီးယားတို့အကြား ဆွေးနွေးပွဲကျင်းပမည်



**ပြုံယမ်း နိုဝင်ဘာ ၁၅**

ရုရှားနှင့် မြောက်ကိုရီးယားတို့သည် နှစ်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးမှုများ ပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။ ယခုနှစ် စက်တင်ဘာလတွင် ရုရှားနှင့် မြောက်ကိုရီးယားခေါင်းဆောင်များအကြား လေးနှစ်အတွင်း ပထမဆုံး ထိပ်သီးဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲအတွက် ရုရှားအစိုးရ ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၄ ရက်က ပြုံယမ်းသို့ ရောက်ရှိခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရပိုင် မီဒီယာက ပြောကြားခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်သည့် ရုရှား သဘာဝအရင်းအမြစ်ဝန်ကြီး Alexander Kozlov က မိမိတို့ နှစ်နိုင်ငံသည် "အာဏာရှင်ဝါဒီ အင်အားစုများကို တိုက်နေကြသည်"ဟု ပြောကြားခဲ့ပြီး အဆိုပါမှတ်ချက်သည် အမေရိကန်နှင့် ၎င်း၏မဟာမိတ်များကို ထင်ရှားစွာ ရည်ညွှန်းခြင်း ဖြစ်သည်။ ယခုကျင်းပမည့်ဆွေးနွေးပွဲအတွင်း ရုရှားမှ မြောက်ကိုရီးယားသို့ စားနပ်ရိက္ခာအကူအညီပေးပို့ရေးနှင့် မြောက်ကိုရီးယားလုပ်သားများကို ရုရှားနိုင်ငံသို့ ပို့ဆောင်ရေး ဆွေးနွေးဖွယ်ရှိကြောင်း ပေါင်းစည်းရေးဝန်ကြီးဌာနမှ တာဝန်ရှိသူကို ကိုးကား၍ တောင်ကိုရီးယား ယွန်ဟပ်သတင်းအေဂျင်စီက မှတ်ချက်ပြုပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**



# လောင်စာဆီ လီတာ ၂၅၀၀၀ ခန့် တင်ဆောင်လာသော ထရပ်ကား ဂါဇာကမ်းမြောင်သို့ ရာဖာမြို့မှတစ်ဆင့် ပထမဆုံးအကြိမ် ဝင်ရောက်

**ဂျေရုဆလင် နိုဝင်ဘာ ၁၅**

လောင်စာဆီ လီတာ ၂၅၀၀၀ ခန့် တင်ဆောင်လာသော ထရပ်ကားသည် ဂါဇာကမ်းမြောင်သို့ ရာဖာမြို့မှတစ်ဆင့် ပထမဆုံးအကြိမ် ဝင်ရောက်ခဲ့ကြောင်း အီဂျစ်လုံခြုံရေး သတင်းရင်းမြစ်တစ်ခုက ယနေ့ ပြောကြားသည်။

အဆိုပါ လောင်စာဆီများကို ကုလသမဂ္ဂထံ ပို့ဆောင်ပေးမည်ဖြစ်ပြီး အစ္စရေးတပ်ဖွဲ့က စစ်ဆေးခြင်းမရှိဘဲ ဂါဇာသို့ တိုက်ရိုက်ဝင်ရောက်မည်ဖြစ်ကြောင်း အမည်မဖော်လိုသည့် သတင်းရင်းမြစ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဟားမတ်စ်နှင့် အစ္စရေးတပ်ဖွဲ့တို့ကြား ပဋိပက္ခများ စတင်ဖြစ်ပွားသည့် အောက်တိုဘာ ၇ ရက်မှ နိုဝင်ဘာ ၁၀ ရက်အထိ ဂါဇာကမ်းမြောင်ဒေသသို့ အစားအစာ၊ ဆေးဝါးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီ တန်ချိန် ၆၉၄၄ တန် ပေးပို့ခဲ့ကြောင်း အီဂျစ်လခြမ်းနီအဖွဲ့က ပြောကြားသည်။

ဟားမတ်စ်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် အစ္စရေးဘက်တွင် ၁၂၀၀ ခန့် သေဆုံးပြီး ဓားစာခံ ၂၀၀ ကျော်ကို ဖမ်းဆီးခဲ့ကြောင်း အစ္စရေး၏ စာရင်းဇယားများအရ သိရသည်။

အဆိုပါတိုက်ခိုက်မှုများကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးတပ်ဖွဲ့သည် ဂါဇာကမ်းမြောင်ဒေသ၌ စစ်ဆင်ရေးများ ဆင်နွှဲလျက်ရှိသည်။

ဟားမတ်စ်နှင့် အစ္စရေးတပ်ဖွဲ့တို့ကြား ပဋိပက္ခများသည် ဒုတိယလအတွင်းသို့ ဝင်ရောက်လာပြီး လက်ရှိအချိန်အထိ ပါလက်စတိုင်းနိုင်ငံ၌ ၁၁၅၀၀ ကျော် သေဆုံးခဲ့ကာ ၂၉၀၀၀ ခန့် ဒဏ်ရာရခဲ့ကြောင်း ဟားမတ်စ်အဖွဲ့မှ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂါဇာဒေသတွင် သေဆုံးသည့် ပါလက်စတိုင်းနိုင်ငံသား ၁၁၅၀၀ ကျော်ရှိ

**ဂါဇာ နိုဝင်ဘာ ၁၅**

အစ္စရေးတပ်ဖွဲ့များ၏ စီးနင်းတိုက်ခိုက်မှုကြောင့် လွန်ခဲ့သည့် နာရီပိုင်းအတွင်း အယ်လ်ရှီဖာဆေးရုံ၌ မွေးကင်းစကလေးငါးဦး အပါအဝင် ဒဏ်ရာရရှိနေသော ပါလက်စတိုင်းနိုင်ငံသား ၄၀ ကျော် သေဆုံးခဲ့ကြောင်း ဟားမတ်စ်အဖွဲ့၏ ကျန်းမာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁၄ ရက်တွင် ပြောကြားခဲ့သည်။

အစ္စရေး-ဟားမတ်စ် ပဋိပက္ခ စတင်ကတည်းက အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်း သေဆုံးသူဦးရေ ၁၁၅၀၀ ကျော်အထိ ရှိလာခဲ့ပြီး အခြား ၂၉၀၀၀ ကျော် ဒဏ်ရာရခဲ့ကြောင်း ဟားမတ်စ်အဖွဲ့၏ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဂါဇာအစိုးရ မီဒီယာရုံးမှ သိရသည်။

ဆင်ဟွာသတင်းဌာနသို့ ပေးပို့သည့် ကြေညာချက်တွင် ဟားမတ်စ် ကျန်းမာရေးဝန်ကြီးဌာန၏ လက်ထောက်အတွင်းရေးမှူး ယူဆက်အာဘူရစ်ချ်က သေဆုံးသူ ပါလက်စတိုင်းလူမျိုး ၁၂၀ ကျော်အား အယ်လ်ရှီဖာဆေးရုံဝင်းအတွင်းရှိ သင်္ချိုင်းတစ်ခုတွင် မြှုပ်နှံထားကြောင်း ပြောကြားခဲ့သည်။

အစ္စရေးစစ်ဘက်၏ အမြောက်များဖြင့် ပစ်ခတ်မှုကြောင့် လူနာတင်ယာဉ်များ ဝင်ရောက်နိုင်ခြင်း သို့မဟုတ် ထွက်ခွာနိုင်ခြင်းမရှိဘဲ အဆိုပါ ဆေးဘက်ဆိုင်ရာ အဆောက်အအုံသည် သင်္ချိုင်းတစ်ခုသဖွယ် ဖြစ်လာကြောင်းလည်း ဟားမတ်စ်ကျန်းမာရေးဝန်ကြီးဌာနက သတိပေးခဲ့သည်။

အောက်တိုဘာ ၇ ရက်တွင် အစ္စရေးတောင်ပိုင်းကို ဟားမတ်စ်စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် လူပေါင်း ၁၂၀၀ ခန့် သေဆုံးပြီး ၂၀၀ ကျော် အား ဓားစာခံအဖြစ် ခေါ်ဆောင်ခြင်းခံခဲ့ရခြင်းကို လက်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးစစ်တပ်က စစ်ဆင်ရေးများ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**



# အင်ဒိုနီးရှားနိုင်ငံ၌ လူ့စွမ်းအားအရင်းအမြစ်နှင့် ကုန်ထုတ်စွမ်းအား တိုးတက်စေရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ် ချေးငွေပေးအပ်မည်

**မနီလာ နိုဝင်ဘာ ၁၅**

အင်ဒိုနီးရှားနိုင်ငံ၌ လူ့စွမ်းအားအရင်းအမြစ်နှင့် ကုန်ထုတ်စွမ်းအား တိုးတက်စေရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်က ချေးငွေ ကန်ဒေါ်လာ သန်း ၅၀၀ ထုတ်ချေးမည့် အစီအစဉ်ကို အတည်ပြုခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံအတွင်း ၂၀၂၂ ခုနှစ်ကလည်း ယင်းအစီအစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်းနှင့် ယခုအကြိမ်သည် ဒုတိယအကြိမ်မြောက် ချေးငွေပေးအပ်သည့် အစီအစဉ်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ပြောကြားသည်။




ယခုချေးငွေပေးအပ်မည့် အစီအစဉ်သည် အင်ဒိုနီးရှားအစိုးရနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့အကြား အင်ဒိုနီးရှားနိုင်ငံ၏ ကျန်းမာရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ပညာရေးတို့အပါအဝင် နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Jiro Tominaga က ပြောကြားသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ကုန်ထုတ်စွမ်းအား တိုးတက်ရေးသည် မိမိတို့၏ ရည်မှန်းချက်များထဲမှ တစ်ခုဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ဂါဇာကမ်းမြောင်ရှိ အကြီးဆုံးဆေးဘက်ဆိုင်ရာဌာနဖြစ်သည့် အယ်လ်ရှီဖာဆေးရုံကို အစ္စရေးတပ်မတော်က ဝင်ရောက်စီးနင်း

**ဂျေရုဆလင် နိုဝင်ဘာ ၁၅**

ဂါဇာကမ်းမြောင်ရှိ အကြီးဆုံးဆေးဘက်ဆိုင်ရာဌာနဖြစ်သည့် အယ်လ်ရှီဖာဆေးရုံကို အစ္စရေးတပ်မတော်က ဝင်ရောက်စီးနင်းခဲ့ကြောင်း သိရသည်။

ဆေးရုံ၏ သတ်မှတ်ထားသော ဧရိယာတွင် ဟားမတ်စ်အဖွဲ့ကို ပစ်မှတ်ထားပြီး စစ်ဆင်ရေးတစ်ရပ် ပြုလုပ်လျက်ရှိကြောင်း အစ္စရေးတပ်ဖွဲ့က ယနေ့ ပြောကြားသည်။

သံချပ်ကာကားများနှင့် မြေတူးစက်များသည် ဆေးရုံဧရိယာတွင် ရောက်ရှိနေသည်ဟု ဆေးရုံမှ ဆရာဝန်တစ်ဦးက ပြောကြားသည်။ ထို့ပြင် ပြင်းထန်သော သေနတ်ပစ်ခတ်သံများ ဆက်လက်ဖြစ်ပွားနေပြီး ပေါက်ကွဲသံများလည်း ကြားရသည်ဟု ၎င်းက ဆက်လက်ပြောသည်။

အစ္စရေးတင့်ကားများသည် ဆေးရုံအဆောက်အအုံအတွင်းသို့ ဝင်ရောက်ခဲ့ကြောင်း ဆေးရုံအတွင်းမှ ဒေသခံ သတင်းထောက်တစ်ဦး၏ ပြောကြားချက်ကို ကိုးကားပြီး စီအင်န်အင်န်သတင်းဌာနက သတင်းဖော်ပြသည်။

အယ်လ်ရှီဖာဆေးရုံအောက်တွင် ဟားမတ်စ်အဖွဲ့၏ ကွပ်ကဲမှုစင်တာတစ်ခုရှိကြောင်း အစ္စရေးတပ်ဖွဲ့က အခိုင်အမာဆိုသည်။

အယ်လ်ရှီဖာဆေးရုံတွင် လူနာ ၆၀၀ ကျော်နှင့် အခြားနေထိုင်သူ ၁၅၀၀ ခန့်ရှိကြောင်း ကုလသမဂ္ဂအေဂျင်စီတစ်ခုက ပြောကြားသည်။ ဆေးရုံအဆောက်အအုံ တိုက်ခိုက်မှုအတွင်း နောက်ထပ် အသေအပျောက်များ ပိုများလာဖွယ်ရှိမည်ကို စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။

အစ္စရေးတပ်ဖွဲ့က အယ်လ်ရှီဖာဆေးရုံကို ဝင်ရောက်စီးနင်း တိုက်ခိုက်လျက်ရှိစဉ် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုတို့သည် ဂါဇာကမ်းမြောင် အခြေအနေနှင့်ပတ်သက်ပြီး တယ်လီဖုန်းမှတစ်ဆင့် ဆွေးနွေးခဲ့ကြကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# Ming Xuechang(မြီရှောက်ချန်း)၊ Ming Guoping(မြီကော်ဖျင်း)(ခ)Ming Xiaoping(မြီရှောက်ဖျင်း)၊ Ming Julan(မြီကျူီလန်)နှင့် Ming Zhenzhen(မြီကျိန်းကျိန်း)တို့ကို ဥပဒေအရ အရေးယူရန် ဖမ်းဝရမ်းထုတ်ဆင့်


Ming Xuechang (မြီရှောက်ချန်း)


Ming Guoping(မြီကော်ဖျင်း)(ခ) Ming Xiaoping (မြီရှောက်ဖျင်း)


Ming Julan (မြီကျူီလန်)


Ming Zhenzhen (မြီကျိန်းကျိန်း)

နေပြည်တော် နိုဝင်ဘာ ၁၅

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း Online လိမ်လည်မှုများ၊ လူကို သွေးဆောင်ဆွဲခေါ်မှုများ၊ လူပြန်ပေးမှုများ၊ တရားမဝင်ချုပ်နှောင်မှုများ၊ ခြောက်လှန့်တောင်းယူမှုများကို ဂိုဏ်းဖွဲ့ကျူးလွန်ခြင်း၊ ကျူးလွန်ရန်အားထုတ်ခြင်း၊ အားပေးကူညီခြင်းများကို ကျူးလွန်နေသော Ming Xuechang(မြီရှောက်ချန်း)၊ Ming Guoping(မြီကော်ဖျင်း)(ခ)Ming Xiaoping (မြီရှောက်ဖျင်း)၊ Ming Julan(မြီကျူီလန်)နှင့် Ming Zhenzhen(မြီကျိန်းကျိန်း) တို့ကို ဥပဒေအရ အရေးယူရန်အတွက် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးက ဖမ်းဝရမ်း ထုတ်ဆင့်ထားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

**သတင်းစဉ်**

# PDF အမည်ခံ အကြမ်းဖက်သမားများက မြိုင်မြို့ပေါ်ရပ်ကွက်များအတွင်းသို့ လက်လုပ်စိန်ပြောင်းများ၊ Drop ဗုံးများ ပစ်ချတိုက်ခိုက်မှုကြောင့် စာသင်ကျောင်းဝင်းအတွင်း ကျရောက်ပေါက်ကွဲပြီး ဆရာမ နှစ်ဦးနှင့် ကျောင်းသူ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် နိုဝင်ဘာ ၁၅

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်အချို့၌ အကြမ်းဖက်မှုကို လိုလားသည့် လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ်သော အပြစ်မဲ့ အရပ်သားပြည်သူများ သွားလာရာ လမ်းတံတားများ၊ နေထိုင်ရာ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်လုပ်စိန်ပြောင်း၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် နေအိမ်များအား အကြောင်း မဲ့ မီးရှို့ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များအား လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ နိုဝင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့အတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက မြို့၏ အနောက်တောင်ဘက်နှင့် အရှေ့ဘက် ငှက်ပျောတွင်းကျေးရွာတို့မှနေ၍ လက်လုပ် စိန်ပြောင်းများ၊ Drone များ အသုံးပြု၍ Drop Bomb များဖြင့် မြို့ပေါ်ရပ်ကွက်များ အတွင်းသို့ ပစ်ချတိုက်ခိုက်ခဲ့ရာ ဗုံးသီးများသည် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး အဆိုပါ ဗုံးသီးကျရောက်ပေါက်ကွဲမှုကြောင့် ကျောင်းတွင် သင်ကြားရေးတာဝန် ထမ်းဆောင်လျက်ရှိသည့် ကျောင်းဆရာမ နှစ်ဦးနှင့် အသက် ၁၁ နှစ်နှင့် ၁၂ နှစ်အရွယ် ကျောင်းသူ နှစ်ဦး စုစုပေါင်း လေးဦး ဗုံးသီးစ ထိမှန်ဒဏ်ရာများရရှိခဲ့ပြီး ကျောင်းဆောင်တစ်ဆောင်နှင့် မြို့နယ်ပြည်သူ့ဆေးရုံ၏ အမိုးသွပ်များ၊ မျက်နှာကြက်များ ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မြိုင်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်းနှင့် နယ်မြေတည်ငြိမ် အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



PDF အမည်ခံအကြမ်းဖက်သမားများက မြိုင်မြို့ပေါ်ရပ်ကွက်များအတွင်းသို့ လက်လုပ်စိန်ပြောင်းများ၊ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့သည့် နေရာပြပုံ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Cho Cho Lwin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ယွန်းတန်းရပ်ကွက်နေ ချိုချိုလွင်အား နံနက် ၁၁ နာရီ မိနစ် ၂၀တွင် လည်းကောင်း၊ “Ma Ohmar Soe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ကြူစမ်းရပ်ကွက်နေ ဥမ္မာစိုး(ခ)မမမိုးအား ညနေ ၄ နာရီ ၅ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပင်လောင်းမြို့နယ်တွင် ငွေကျပ်သိန်း ၇၁၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ဒသမ ၇ သိန်းနှင့် အိုက်စ်(မက်သ်အဖက်တမင်း) ငါး ကီလို သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်တွင် ငွေကျပ်သိန်း ၇၁၀၀ တန်ဖိုးရှိ စိတ်ကြွ ရူးသွပ်ဆေးပြား ၁၂ ဒသမ ၇ သိန်းနှင့် အိုက်စ်(မက်သ်အဖက်တမင်း) ငါးကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီတွင် ပင်လောင်းမြို့နယ် လိန်းလီကျေးရွာအနီး၌ ပင်လောင်းမှ တပ်ကုန်းဘက်သို့ မောင်မောင်ဝင်း မောင်းနှင်ပြီး ဇေယျာကျော်၊ အာကာမင်းမြတ်ကျော်နှင့် လေးမြင့်တို့ လိုက်ပါလာသည့် Toyota Hiace ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလ တန်ဖိုးငွေကျပ်သိန်း ၇၁၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ဒသမ ၇ သိန်း၊ အိုက်စ် (မက်သ်အဖက်တမင်း) ငါးကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါးများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ မျိုးအောင် (ခ)သီလအား ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး(၇) နွယ်သာကီလမ်းရှိ ၎င်း၏နေအိမ်တွင် Probox ယာဉ်တစ်စီးနှင့်အတူ ဆက်လက် ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေး ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်မှ မွန်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## လူငယ်ရေးရာ



# သံဖြူဇရပ်မြို့နယ်၌ လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်း ပြုလုပ်

သံဖြူဇရပ် နိုဝင်ဘာ ၁၅

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သောင်းက အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီး အရာရှိ ဒေါ်အေးအေးသီက ကျောင်းသားလူငယ်များ ဗဟုသုတ ကြွယ်ဝပြီ အတွေးအခေါ် မြင့်မားသည့် လူတော်လူကောင်းများ ဖြစ်လာစေရန်၊ အစုအဖွဲ့ဖြင့် ညှိနှိုင်းတိုင်ပင် ဆွေးနွေးတတ်သည့် အလေ့အကျင့် အလေ့အထကောင်းများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးစိုးသက်ပိုင်လွင်က အားကစားဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ရမည့် အချက်များကိုပြောကြားပြီး လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးသီက အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်ပညာရေး၊ လူငယ်နှင့် ကိုယ်ကျင့်တရား၊ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်၊ လူငယ်နှင့် အားကစားခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များမေးမြန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးသီက ပြန်လည် ဖြေကြားဆွေးနွေးပေးခဲ့ပြီး အသိပညာပေး နံရံကပ်စာစောင်များကို ပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်ဝင်စားစွာ လေ့လာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မိုင်းဖြတ်မြို့နယ်၌ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များပေါ်ထွန်းလာစေရေး လူငယ်စကားဝိုင်း ကျင်းပ

မိုင်းဖြတ် နိုဝင်ဘာ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီက အခြေခံပညာအထက် တန်းကျောင်း(မိုင်းဖြတ်)၌ ကျင်းပသည်။

ဦးစွာ အခြေခံပညာအထက်တန်းကျောင်း(မိုင်းဖြတ်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အမာကြည်က အဖွင့်အမှာစကားပြောကြား ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်က လူငယ်စကားဝိုင်းများ ကျင်းပရခြင်း၏ ရည်ရွယ် ချက်များနှင့် ဗလငါးတန်ဖြစ်သည့် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလအကြောင်း သိကောင်းစရာများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ အထက(မိုင်းဖြတ်)မှ ကျောင်းသား ကျောင်းသူ များက "လူငယ်နှင့် စာပေအနုပညာ"၊ "လူငယ်နှင့်စည်းကမ်း"၊ "လူငယ် နှင့်ကိုယ်ကျင့်တရား"၊ "နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ လူငယ်ကဏ္ဍ မြှင့်တင်စို့"၊ "လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး" စသည့် ခေါင်းစဉ် များဖြင့် ဆွေးနွေးကြပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည့်အချက်များကို မေးမြန်း ဆွေးနွေးခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေး ခဲ့သည်။ ထို့နောက် ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်နှင့် အထက်တန်းပြ



ဆရာမ ဒေါ်အေးအေးခိုင်တို့က လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေး ခဲ့ကြသည့်ကျောင်းသား ကျောင်းသူများကို အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စကားဝိုင်းအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် မူးယစ် ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများ၊ လူကုန်ကူးမှု အန္တရာယ်အကြောင်း သိကောင်းစရာများ၊ နံရံကပ်စာစောင်များနှင့် စာအုပ်ပြပွဲများကို ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ ကြကြောင်း သိရသည်။

သန်းထွန်းအေး(မိုင်းဖြတ်)

# တောင်ဥက္ကလာပမြို့နယ်၌ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက တောင်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ဥက္ကလာပမြို့နယ် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက



အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ တောင်ဥက္ကလာပ မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ် ဆရာကြီး ဦးဦးကျော်မင်းက ကျေးဇူးတင်စကား ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲကို ဆက်လက်ကျင်းပရာ စာပေမြင့်မှလူမျိုးတင့်မည်၊ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်၊ အမျိုးသားအောင်ပွဲနေ့၊ အားကစားဖြင့်နိုင်ငံ့ဂုဏ်ကိုမြှင့်တင်စို့၊ ပညာ ရဲရင့် ပွဲလယ်တင့်ခေါင်းစဉ်များဖြင့်အမှတ်(၁)အခြေခံပညာအထက် တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၀ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ အထူးဆုနှစ်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြသည်။

အဆိုပါ ကျပန်းစကားပြောပြိုင်ပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ Book Club အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၇၅ ဦး တက်ရောက်ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနက ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ် စာစောင်များ၊ သုတ/ရသစာအုပ်များကို ကျောင်းသား ကျောင်းသူများ က စိတ်ပါဝင်စားစွာ ကြည့်ရှုကြကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၁၁-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၃၀ | ၂၁၈၀ | ၂၁၇၅ | ၂၁၄၀ | ၂၁၈၀ | ၂၂၀၅ | ၂၁၉၀ | ၂၁၆၅ | ၂၂၆၅ | ၂၂၈၀ | ၂၁၇၀ | ၂၁၈၀ | ၂၂၁၅ | ၂၂၂၀ | ၂၂၂၀ | ၂၄၅၀ | ၂၈၆၀ |
| 95 Ron | ၂၂၅၀ | ၂၃၀၀ | ၂၃၀၀ | ၂၂၆၀ | ၂၃၀၀ | ၂၃၂၅ | ၂၃၁၀ | ၂၂၈၅ | ၂၃၈၅ | ၂၄၀၀ | ၂၂၉၀ | ၂၃၁၀ | ၂၃၃၅ | ၂၃၄၀ | ၂၃၄၀ | ၂၅၇၀ | ၂၉၆၀ |
| HSD (500 ppm) | ၂၁၄၅ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၅ | ၂၁၉၀ | ၂၂၁၅ | ၂၂၁၀ | ၂၁၈၀ | ၂၃၀၀ | ၂၂၉၅ | ၂၁၈၅ | ၂၁၉၅ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၆၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၂၄၅ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၅ | ၂၂၉၅ | ၂၃၁၅ | ၂၃၁၅ | ၂၂၈၀ | ၂၄၀၀ | ၂၃၉၅ | ၂၂၈၅ | ၂၃၀၀ | ၂၃၃၀ | ၂၃၃၀ | ၂၃၃၅ | ၂၅၆၅ | ၃၂၅၀ |
| HSD (10 ppm) | ၂၂၅၀ | ၂၃၀၀ | ၂၂၉၅ | ၂၂၆၀ | ၂၃၀၀ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၅ | ၂၄၀၅ | ၂၄၀၀ | ၂၂၉၀ | ၂၃၀၀ | ၂၃၃၅ | ၂၃၃၅ | ၂၃၄၀ | ၂၅၇၀ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၂၅ | ၂၀၉၉ |
| 95 Ron | ၂၁၄၂ | ၂၂၁၈ |
| HSD (500 ppm) | ၂၀၃၈ | ၂၁၀၈ |
| HSD (50 ppm) | ၂၁၃၆ | ၂၂၀၈ |
| HSD (10 ppm) | ၂၁၄၁ | ၂၂၁၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

★ **MFF မှ**

မွန်းလွဲ ၃ နာရီခွဲတွင် ဖူဆယ်ချစ်သူအသင်းနှင့် TG United အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို နိုဝင်ဘာ ၁၆ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲများကို နိုဝင်ဘာ ၁၆ ရက်မှ ၂၀ ရက်၊ ရှုံးထွက်ပွဲစဉ်များကို နိုဝင်ဘာ ၂၂ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်အသင်း စုစုပေါင်း ၂၆ သင်းကို လေးသင်း နှစ်အုပ်စု၊ သုံးသင်း ခြောက်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီရှုံးထွက်အဆင့် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(A)တွင် VUC အသင်း၊ M2K အသင်း၊ Sun Far အသင်း၊ Noka Utd အသင်း၊ အုပ်စု(B)တွင် Winner Soccer အသင်း၊ Black Cross အသင်း၊ Malikalsin အသင်း၊ အုပ်စု(C)တွင် Futsal 19 အသင်း၊ ရွှေပြည်သာ အသင်း၊ SGF အသင်း၊ အုပ်စု(D)တွင် Dream Team အသင်း၊ လက်ဝဲ သုန္ဒရအသင်း၊ UPK အသင်း၊ အုပ်စု(E)တွင် ဖူဆယ်ချစ်သူအသင်း၊ ရိုးမ အသင်း၊ YRG အသင်း၊ TG Utd အသင်း၊ အုပ်စု(F)တွင် MIU အသင်း၊ DT Legends အသင်း၊ KKY အသင်း၊ အုပ်စု(G)တွင် Generation အသင်း၊ Red Eagle အသင်း၊ ပြည့်စုံအသင်း၊ အုပ်စု(H)တွင် လင်းလက်အသင်း၊ M–Million အသင်း၊ Seven အသင်းတို့ ပါဝင်နေသည်။

ရှိုင်းထက်ဇော်

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ



ရန်ကုန် နိုဝင်ဘာ ၁၅

၂၀၂၃-၂၀၂၄ ခုနှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ရန်ကုန်ဇုန် (ဇုန်-၂) အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီက သုဝဏ္ဏ ပိုက်ကျော်ခြင်းအားကစားရုံ၌ ကျင်းပသည်။

ဦးစွာ ပိုက်ကျော်ခြင်းဗိုလ်လုပွဲအဖြစ် သင်္ကန်းကျွန်း ပညာရေးဒီဂရီကောလိပ်အသင်းနှင့် ရန်ကင်းပညာရေးဒီဂရီကောလိပ်တို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ရန်ကင်းပညာရေး ဒီဂရီကောလိပ်အသင်းက သင်္ကန်းကျွန်းပညာရေးဒီဂရီကောလိပ်အသင်းအား နှစ်ပွဲ တစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရ ရန်ကင်းပညာရေးဒီဂရီကောလိပ် အသင်းမှ မောင်စွမ်းထက်မင်းအား မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးစိုင်းအောင်ထွန်းလင်းက ဂုဏ်ပြုဆုငွေ ပေးအပ်ခဲ့ပြီး ပူးတွဲတတိယဆုရရှိခဲ့ကြသည့် မော်လမြိုင်ပညာရေးဒီဂရီ ကောလိပ်အသင်းနှင့် လှည်းကူး ပညာရေးဒီဂရီကောလိပ်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်၊ အသင်းလိုက်ဆုဖလားနှင့်အတူ ဂုဏ်ပြုဆုငွေများကို လှည်းကူး ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါ်အေးအေးလွင်နှင့် သင်္ကန်းကျွန်း ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာငြိမ်းသီအောင်တို့က ချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဒုတိယဆုရရှိသည့် သင်္ကန်းကျွန်း ပညာရေးဒီဂရီကောလိပ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ အသင်းလိုက်ဆုဖလားနှင့်အတူ ဂုဏ်ပြုဆုငွေများကို ရန်ကင်းပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဦးအောင်မြတ်စိုးက ပေးအပ်ချီးမြှင့်ခဲ့ပြီး ပထမဆုရရှိသည့်ရန်ကင်းပညာရေးဒီဂရီကောလိပ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ တံခွန်စိုက်ဆုဖလားနှင့်အတူ ဂုဏ်ပြုဆုငွေများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဥပဒေချုပ် ဦးဌေးအောင်က ပေးအပ်ချီးမြှင့်သည်။

### ၁၄ သင်း ပါဝင်ယှဉ်ပြိုင်

အဆိုပါ ပြိုင်ပွဲကို နိုဝင်ဘာ ၁၀ ရက်မှ ၁၅ ရက်အထိ ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ရန်ကုန်ဇုန်(ဇုန်-၂)မှ အသင်း ၁၄ သင်းက ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း သက်ကြီးပူဇော်ပွဲအတွက် အလှူငွေပေးအပ်



ရန်ကုန် နိုဝင်ဘာ ၁၅

သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း အသက်(၈၀)နှင့်အထက် ဆရာသမားများနှင့် အသင်းဝင်သက်ကြီးဝန်ထမ်းဟောင်းများ သက်ကြီးပူဇော်ပွဲအတွက် ဦးမောင်မောင် (ဂါဒီယန်ဝန်ထမ်းဟောင်း)- ဒေါ်ဥမ္မာ (ခေတ္တ ဆစ်ဒနီ)က အလှူငွေကျပ် နှစ်သိန်း၊ ဦးတင်မောင်သန်း စာတည်းမှူးချုပ် (ငြိမ်း)- ဒေါ်ခင်သက်ဆွေက အလှူငွေကျပ် တစ်သိန်း၊ ဦးညီညီ-ဒေါ်တင်တင်နွယ်က အလှူငွေကျပ် တစ်သိန်း၊ ဦးစိုးစိုးနိုင်မိသားစုက အလှူငွေကျပ် ငါးသောင်း၊ ဒေါ်မြင့်မြင့်ဦး (ငြိမ်း)က အလှူငွေကျပ် ငါးသောင်း၊ ဒေါ်စန်းစန်းမြင့် မန်နေဂျာ(ငွေစာရင်း) (ငြိမ်း)က အလှူငွေကျပ် ငါးသောင်း၊ ဦးဝင်းတင်မိသားစုက အလှူငွေကျပ် သုံးသောင်း၊ ဦးခင်မောင်ဝင်း-ဒေါ်ခင်အုန်းမြင့် ကိုဦးစတိုး တပ်နယ်ဈေး(ပုသိမ်)က အလှူငွေကျပ် သုံးသောင်း၊ ဦးကိုကိုနိုင်မိသားစုက အလှူငွေကျပ် နှစ်သောင်း၊ ဦးရန်နိုင်လင်း-ဒေါ်လဲ့လဲ့ဝေလွင်ထွန်းမိသားစုက အလှူငွေကျပ် နှစ်သောင်းနှင့် ဦးခိုင်လွင်မိသားစုက အလှူငွေကျပ် ငါးထောင် စုစုပေါင်း အလှူငွေကျပ် ၆၅၅၀၀၀ ကို နိုဝင်ဘာ ၁၄ ရက်က အသင်းရုံးခန်းတွင် လှူဒါန်းပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အမှုဆောင်များက လက်ခံရယူခဲ့သည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးမြင့်ဆွေ(ဖုန်း-၀၉-၇၈၅၄၂၀၉၃၀)၊ အတွင်းရေးမှူး ဦးထွန်းလင်းအောင်(ဖုန်း-၀၉-၅၀၀၆၄၇၈)နှင့် တွဲဖက်အတွင်းရေးမှူး ဦးအေးသန်း (ဖုန်း-၀၉-၇၉၅၂၇၃၅၅၇ Kpay )သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**အေးသန်း(စိန်တုံးကြီး)**

☆ မုန်တိုင်းငယ်မှ

### မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း

အဆိုပါမုန်တိုင်းငယ်သည် ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၄ ဒသမ ၉ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၆ ဒသမ ၂ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၆ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့်ဖြစ်သည်။

### နောက် ၇၂ နာရီအတွင်းခန့်မှန်းချက်

အဆိုပါမုန်တိုင်းငယ်သည် ကနဦးတွင် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၁၆ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၊ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းလွန်တွင် အားကောင်းသောမုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်။ ထိုမှတစ်ဆင့် မြောက်- အရှေ့မြောက်ဘက်သို့ ပြန်ကွေ့ကာ နိုဝင်ဘာ ၁၇ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း ဩရိဿပြည်နယ်ကမ်းလွန်သို့ ရောက်ရှိနိုင်ပြီး နိုဝင်ဘာ ၁၈ ရက်တွင် ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းလွန်-အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

## "သီတင်းကျွတ်မင်္ဂလာ" တေးဂီတဖျော်ဖြေပွဲ (ပွဲစဉ် - ၂)မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်




နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ် ဆန်းသစ်တင်ဆက်မှုအဖြစ် "သီတင်းကျွတ်မင်္ဂလာ" တေးဂီတဖျော်ဖြေပွဲ (ပွဲစဉ် – ၂) ကို နိုဝင်ဘာ ၁၇ ရက် သောကြာနေ့ ည ၉ နာရီတွင် MRTV-HD Channel မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည် ဖြစ်သည်။

အဆိုပါအစီအစဉ်တွင် မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ မေသန်းနုနှင့် တေးသံရှင်များဖြစ်ကြသည့် ပြည်မိုး၊ ရသ၊ မင်းလွင်မိုး၊ ရဲဝင့်လှိုင်၊ ဈာန်ထူး၊ လျှမ်းထက်ကို၊ မင်းသားလေး၊ ချမ်းဟိန်းဝင်းထွန်း၊ ထင်လင်းအောင်၊ သုညီ၊ စိမ့်နေခြည်၊ ဝင်းလဲ့ချယ်ရီ၊ ချစ်စုစံ၊ သီရိစံ၊ ထွန်းပပအောင်၊ ရွှေဘုံသံသာ၊ အယ်လ်ဘန်နီချမ့်ဇ်နှင့် မြင့်မြတ်ကျော်တို့က သီဆိုဖျော်ဖြေကြမည်ဖြစ်ရာ ယင်းအစီအစဉ်ကို နိုဝင်ဘာ ၁၉ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ရခိုင်ပြည်နယ် သမဝါယမအသင်းစုချုပ် (လီမိတက်)၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

စစ်တွေ နိုဝင်ဘာ ၁၅

ရခိုင်ပြည်နယ် သမဝါယမအသင်းစုချုပ် (လီမိတက်)၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေး၊ အမှုဆောင်သစ်ရွေးချယ်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို စစ်တွေမြို့ရှိ သမဝါယမအသင်းစုချုပ်(လီမိတက်) အစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ အသင်းဥက္ကဋ္ဌ ဦးလှသာထွန်းက အမှာစကားပြောကြားခြင်း၊ ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်းက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၏ ဘဏ္ဍာရေးအစီရင်ခံစာကို အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်ဇော်မင်းကလည်းကောင်း၊ အသင်းစာရင်းစစ်အဖွဲ့အစီရင်ခံစာကို အသင်းစာရင်းစစ် ဦးသန်းဖေကလည်းကောင်း ဖတ်ကြားသည်။ ၎င်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို တက်ရောက်လာကြသော အသင်းဝင်ကိုယ်စားလှယ်များက သဘောတူအတည်ပြုကြောင်း ဆုံးဖြတ်ချက်ရယူသည်။

ထို့နောက် အသေးစားနှင့် အငယ်စားချေးငွေလုပ်ငန်းခွဲမှ အသင်းသားများအပေါ် အတိုး ငွေကျပ် ၅၈၃၇၈၇၀၀ နှင့် ငွေစုငွေချေးလုပ်ငန်းခွဲမှ အသင်းသားများအား အစုပေါ် အမြတ်ပြန်အမ်းငွေကျပ် ၅၄၄၁၄၃၀ အား ပေးအပ်ခြင်း၊ လုပ်ငန်းခွဲများအလိုက် ချေးငွေပေးဆပ်မှု အကောင်းဆုံးဝိုင်းနှင့် အသင်းသားများသို့ ဆုချီးမြှင့်ခြင်း၊ ၂၀၂၃ ခုနှစ် မေလအတွင်း ဖြစ်ပွားခဲ့သော မိုခါမုန်တိုင်းကြောင့် နေအိမ်အဆောက်အအုံပျက်စီးခဲ့ကြသော အသင်းသားများသို့ ထောက်ပံ့ငွေကျပ် သိန်း ၂၄၄ ဒသမ ၂၂ အား ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည့် ငွေစုငွေချေးနှင့် မြတ်သဇင် အသေးစားနှင့် အငယ်စားချေးငွေလုပ်ငန်းခွဲတို့မှ အသင်းသား အသင်းသူများ၏ သားသမီးခုနစ်ဦးတို့အား ပညာရည်ချွန်ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မင်္ဂလာဒုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ

မင်္ဂလာဒုံ နိုဝင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဖလား အသက် ၂၅ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီက မင်္ဂလာဒုံမြို့ မြဝတီ ဘောလုံးကွင်း၌ ကျင်းပရာ မင်္ဂလာဒုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ (ကိုယ်စား) ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးသိုက်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မင်္ဂလာဒုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး သိုက်ထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းနိုင်နှင့် အဖွဲ့ဝင်များ၊ ရွှေပြည်သာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပထမပွဲစဉ်အဖြစ် မင်္ဂလာဒုံမြို့နယ်(က)အသင်းနှင့် မင်္ဂလာဒုံမြို့နယ်(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြကာ ပြိုင်ပွဲကို နိုဝင်ဘာ ၁၅ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဝုန်လွှန်းညောင်(မင်္ဂလာဒုံ)**

# မြင်းခြံခရိုင်အတွင်း ဆောင်းကြက်သွန်နီများ စတင်စိုက်ပျိုး

**မြင်းခြံ နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်း ဆောင်းကြက်သွန်နီ(ခေါ်) နွေကြက်သွန်နီကို နိုဝင်ဘာလ၊ ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့တွင် စတင်စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလတို့တွင် ရိတ်သိမ်းထွက်ပေါ်လေ့ရှိကြောင်း၊ ဆောင်းကြက်သွန်နီ စိုက်ပျိုးမှုအနေဖြင့် ယခင်နှစ်၌ ကြက်သွန်နီစိုက်ဧက ၂၅၄၁ ဧကစိုက်ပျိုးခဲ့ပြီး ယခုနှစ်၌ မြင်းခြံမြို့နယ်တွင် ၁၅၉၁ ဧက၊ နွားထိုးကြီးမြို့နယ်တွင် ၁၁၅၉ ဧက စုစုပေါင်း ကြက်သွန်နီစိုက်ဧက ၂၇၅၀ စတင်စိုက်ပျိုးနေပြီ ဖြစ်ကြောင်း၊ တောင်သာမြို့နယ်တွင် နိုဝင်ဘာလကုန်မှ စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ ကြက်သွန်နီစိုက်ပျိုးမှု ကာလတူ နှိုင်းယှဉ်ချက်အရ ဆောင်းကြက်သွန်နီများကို ယခုနှစ်တွင် ယခင်နှစ်ထက် ၂၀၈ ဧက ပိုမိုစိုက်ပျိုးထားကြောင်း ခရိုင်စိုက်ပျိုးရေးဌာန၏ စာရင်းများအရ သိရသည်။



**အများဆုံးစိုက်ပျိုး**

မြင်းခြံခရိုင်အတွင်း ဆောင်းကြက်သွန်နီ အများဆုံးစိုက်ပျိုးသော ကျေးရွာများမှာ တလုပ်မြို့ကျေးရွာ၊ နန္ဒင်းတော်ဘိုးကျေးရွာ၊ ကန်ဆင့်ကျေးရွာ၊ ဇလုံကျေးရွာ၊ ဖောင်းကားကျေးရွာ၊ လက်ဝဲကျေးရွာ၊ မြင်းနီကျေးရွာ၊ တမိုက်သာကျေးရွာ၊ ဆင်ဖြူကျေးရွာနှင့် ပေါက်တောကျေးရွာတို့တွင် အများဆုံးစိုက်ပျိုးကြပြီး ယင်းကျေးရွာများမှ စိုက်ပျိုးထွက်ရှိသော ကြက်သွန်နီများမှာ အရည်အသွေး ကောင်းမွန်ပြီး သိုလှောင်မှု ကြာရှည်ခံသည့်အတွက် ဈေးကွက်အဝယ်လိုက်ကာ ဈေးကောင်းရရှိကြောင်း သိရသည်။

# ဈေးနှုန်းအနည်းငယ် ပိုမို၍အရောင်းအဝယ်ဖြစ်နေသည့် အစေ့ထုတ်ပြောင်း

**ရွှေဘို နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ပဲ၊ နှမ်း ကုန်စည်ဒိုင်သို့ အစေ့ထုတ်ပြောင်းများ စက်တင်ဘာလ တတိယပတ်မှစတင်၍ ဝင်ရောက်ခဲ့ပြီး နိုဝင်ဘာလ ဒုတိယပတ်အတွင်း အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းမှာ အစေ့ထုတ်ပြောင်း တစ်တင်းလျှင် ငွေကျပ် ၁၇၀၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း တင်း ၉၀၀(တန်အားဖြင့် ၂၂ တန်) အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ နိုဝင်ဘာလ ပထမပတ်နှင့် ဒုတိယပတ်တွင် အရောင်းအဝယ်ဖြစ်သည့်ဈေးနှုန်းများ နှိုင်းယှဉ်ပါက နိုဝင်ဘာလ ပထမပတ်တွင် အစေ့ထုတ်ပြောင်း တစ်တင်းလျှင် ငွေကျပ် ၁၆၈၀၀ နှင့် နိုဝင်ဘာလ ဒုတိယပတ်တွင် ငွေကျပ် ၁၇၀၀၀ ပေါက်ဈေးရှိခဲ့ကြောင်း သိရသည်။ ■

# ကန့်ဘလူခရိုင်၌ စပါး၊ ဆန်ဈေးနှုန်းများနှင့် စီးထွက်မှု



**ကန့်ဘလူ နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်အတွင်း ဖြစ်ပေါ်ခဲ့သော စပါး၊ ဆန် ဈေးနှုန်းများအနေဖြင့် ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၃၄၈၀၀၀၀၊ ရောမင်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၃၀၀၀၀၀၀ နှင့် နွေစပါး ရွှေဝါထွန်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၁၆၅၀၀၀၀၊ ရွှေဘိုပေါ်ဆန်း ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀၊ ရောမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၂၃၀၀၀ နှင့် ရွှေဝါထွန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၆၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ကန့်ဘလူခရိုင်မှ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဆန်စီးထွက်မှုအနေဖြင့် မန္တလေးတိုင်းဒေသကြီးသို့ အိတ်ရေ ၅၀၀ (တန်အားဖြင့် ၂၅ တန်)စီးထွက်ခဲ့ကြောင်း ဒေသခံဆန်စက်လုပ်ငန်းရှင်များထံမှ သိရသည်။

# လွယ်ဂျယ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**လွယ်ဂျယ် နိုဝင်ဘာ ၁၅**

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ နိုဝင်ဘာ ၁၃ ရက်မှ ၁၄ ရက်အတွင်း ဆန် ၄၁၆ တန် (တန်ဖိုး သုည ဒသမ ၂၃၁ ဒေါ်လာသန်း)၊ ဆန်ကွဲ ၁၉၂ တန် (တန်ဖိုး သုည ဒသမ ၀၈၄ ဒေါ်လာသန်း)၊ ပြောင်း တန် ၆၀၀ (တန်ဖိုး သုည ဒသမ ၁၅၆ ဒေါ်လာသန်း)နှင့် ဖရဲသီး ၅၁ တန် (တန်ဖိုး သုည ဒသမ ၀၀၇ ဒေါ်လာသန်း) တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်တင်သွင်းမှုအနေဖြင့် ဆေးဝါးပစ္စည်း အခု ၂၄၄၂၀၀ (တန်ဖိုး သုည ဒသမ ၀၂၈ ဒေါ်လာသန်း)၊ တာယာအလုံး ၇၀ (တန်ဖိုး သုည ဒသမ ၀၀၄ ဒေါ်လာသန်း)၊ စက္ကူလိပ် ၂၃ တန် (တန်ဖိုး သုည ဒသမ ၀၁၄ ဒေါ်လာသန်း)၊ ထွန်စက် လေးစီး(တန်ဖိုး သုည ဒသမ ၀၃၅ ဒေါ်လာသန်း)၊ ကားအပိုပစ္စည်း ၂ ဒသမ ၆၂ တန် (တန်ဖိုး သုည ဒသမ ၀၀၇ ဒေါ်လာသန်း)၊ ဖော့ ၁ ဒသမ ၅၀ တန် (တန်ဖိုး သုည ဒသမ ၀၀၁ ဒေါ်လာသန်း)နှင့် ကုန်စုံ ၁၃၉ ဒသမ ၉၀ တန် (တန်ဖိုး သုည ဒသမ ၁၁၂ ဒေါ်လာသန်း) တင်သွင်းနိုင်ခဲ့သည်။

လွယ်ဂျယ်နယ်စပ်ဒေသ ငွေကြေးဈေးကွက်အနေဖြင့် နိုဝင်ဘာ ၁၄ ရက်တွင် တစ်ယွမ်လျှင် ၄၄၆ ကျပ်ဖြစ်ကြောင်း သိရသည်။

# စစ်တွေကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**စစ်တွေ နိုဝင်ဘာ ၁၅**

စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှ ၁၄ ရက်အထိ အကောက်ခွန်ဦးစီးဌာန၏ အမှန်တင်ပို့/တင်သွင်း စာရင်းများအရ ပို့ကုန်အမေရိကန်ဒေါ်လာ သုည ဒသမ ၃၁၃၈ သန်းရှိကြောင်း သိရသည်။

ပို့ကုန်ပစ္စည်းများ တင်ပို့မှုအနေဖြင့် မန်ကျည်းစေ့ ၁၃၃ တန်၊ ဆီးဖတ် ၁၀၂ တန်၊ ချင်း (အစို) ၁၉ တန်၊ အုန်းသီးခြောက် ၂၉ တန်၊ ကွမ်းသီး ၃၁ ဒသမ ၅ တန်၊ ငါးမြစ်ချင်း (၁-၂) ၃၄ ဒသမ ၃၂ တန်၊ ငါးမြစ်ချင်း(၂-၃) ၃၆ ဒသမ ၀၉၆ တန်၊ ငါးမြစ်ချင်း (၃-၅) ၄၆ ဒသမ ၄၆၄ တန်၊ ငါးသိုင်းခေါင်းပွ (၅-၈) ၄ ဒသမ ၉၆ တန်၊ ငါးသိုင်းခေါင်းပွ (ရှစ်ကီလိုအထက်) ၅ ဒသမ ၁၈၄ တန်၊ ငါးသလောက် (၈၀၀-၁၀၀၀) ၂ ဒသမ ၃၃၈ တန်၊ ငါးသလောက် (၁၀၀၀-၁၂၀၀) ၁ ဒသမ ၉၀၇ တန်၊ ငါးသလောက် (၁၂၀၀-၁၅၀၀) သုည ဒသမ ၄၄ တန်နှင့် ဆီးယိုထုပ် ၁၀ တန်တို့ကို တင်ပို့နိုင်ခဲ့သည်။

ဒေါ်လာငွေလဲနှုန်းအနေဖြင့် တစ်ဒေါ်လာလျှင် ၁၂၆ တာကာနှင့် တစ်တာကာလျှင် ၂၇ ကျပ်ဖြစ်ကြောင်း သိရသည်။

သတင်းရင်းမြစ် - စီးပွား/ကူးသန်း

### ၁၅.၁၁.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၆၃၀၀ | ၁၅၀၀၀ | ၅၃၅၀ | ၁၆၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၆၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၆၅၀၀ | ၁၆၀၀၀ | - | ၁၇၅၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၉၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၀၀၀ | ၂၇၀၀ | ၆၄၀၀ | ၁၆၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၆၀၀ | ၈၅၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၂၀၀ | ၃၆၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၅ | လွိုင်ကော် | ၃၆၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၄၈၀၀ | ၁၆၀၀၀ | ၅၂၀၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၁၅၀ | | ၄၅၀၀ | ၁၆၀၀၀ | ၄၉၈၀ | ၁၅၀၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၈၅၀ | | ၆၂၀၀ | ၁၇၀၀၀ | ၅၃၀၀ | ၁၄၅၀၀ | ၄၃၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | | ၇၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၇၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၀၀ | | ၄၈၀၀ | ၁၆၀၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၄၂၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀ | ၈၃၀၀ | ၆၅၀၀ | ၃၂၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၈၀၀ | | ၄၅၀၀ | ၁၆၀၀၀ | ၄၉၀၀ | ၁၈၀၀၀ | ၄၂၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၆၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၉၀၀ | | ၄၀၅၀ | ၁၆၀၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၃၆၀၀ | ၁၇၅၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၅၀၀ | ၃၉၀၀ | ၄၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၂ | စစ်တွေ | ၃၀၀၀ | ၂၇၅၀ | ၄၅၀၀ | ၁၇၀၀၀ | ၅၄၀၀ | ၁၈၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၆၄၅၀ | | | ၁၈၅၀၀ | - | ၄၅၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၈၇၀၀ | | ၅၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၅၄၀၀ | ၁၂၅၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၇၀၀ | ၆၈၀၀ | ၈၀၀၀ | ၃၅၀၀ | ၃၄၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၉၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | | ၅၇၀၀ | ၁၅၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၃၆၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၈၀၀ | ၈၀၀၀ | ၆၃၀၀ | ၅၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၅၈၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၅၀ | ၆၅၀၀ | ၇၅၀၀ | ၃၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၇၀၀ | | ၆၀၀၀ | ၁၃၀၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၈၀၀ | ၆၂၀၀ | ၆၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ၁၈ | ပြည် | ၃၀၀၀ | | ၅၄၀၀ | ၁၃၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၂၀၀ | ၁၅၅၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | | ၇၀၀၀ | ၄၅၀ | ၈၀၀၀ | ၆၃၀၀ | ၃၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၅၀၀ | | ၆၈၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၂၀၀ | ၅၀၀ | ၇၀၀၀ | ၆၄၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၃၅၀၀ | | ၆၈၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၆၂၀၀ | ၅၆၀၀ | ၅၀၀ | ၇၂၀၀ | ၆၄၀၀ | ၄၂၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၄၇၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၂၀၀၀ | ၄၀၀၀ | | ၁၂၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ |

မှတ်ချက်။
(၁) ပေါ်ဆန်းဆန် တစ်ပြည်လျှင် မော်လမြိုင်တွင် ၁၀၀ကျပ် ၊ စားအုန်းဆီ တစ်ပိဿာလျှင် လားရှိုးတွင် ၂၀၀ကျပ် ၊ မုံရွာ နှင့် ပြည်တွင် ၁၀၀ကျပ် ၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြိတ်တွင် ၁၀၀၀ကျပ် ၊ သကြား တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၅၀၀ကျပ် ဈေးတက်ခဲ့ပါသည်။
(၂) စားအုန်းဆီ တစ်ပိဿာလျှင် ဘားအံတွင် ၁၅၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ပျဉ်းမနားတွင် ၂၀၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် မြိတ်တွင် ၁၀၀ကျပ်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၄၀၀ကျပ်၊ မြေပဲဆန် တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ရန်ကုန်နှင့် ပျဉ်းမနားတွင် ၂၀၀ကျပ်၊ နေပြည်တော်တွင် ၃၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၂၀၀ကျပ် ဈေးကျခဲ့ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁၅-၁၁-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၇၃၇၀။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဦးကျော်သူအောင်နှင့်ဇနီး ဒေါ်အေးမီဝင်းမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၇၃၇၁။ | ဦးဝင်းနိုင်အောင်နှင့်ဇနီး ဒေါ်ဌေးဌေးကြည်၊ (သမီး) မအိန္ဒြာမြင့်မိုမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၇၃၇၂။ | ဦးနန္ဒနှင့်ဇနီး ဒေါ်ဝင်းဝင်းခိုင်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၇၃၇၃။ | ကွယ်လွန်သူ ဒေါ်စန်းမြင့်အားရည်စူး၍ ဦးမောင်သန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၇၄။ | ကိုမြတ်မင်းခန့်နှင့်ဇနီး မဝင်းပပအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၇၅။ | ကိုကျော်ထွေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၇၆။ | ဒေါ်ချိုချိုပြုံးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၇၇။ | ဦးခိုင်မင်းအောင်နှင့်ဇနီး ဒေါ်ခင်သူဇာဝင်း၊ (သမီး) မဆုပြည့်ဦး၊ မပုလဲ၊ မဇာဇာခင်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၇၈။ | ဦးဝင်းတင်ထွန်းနှင့်ဇနီး ဒေါ်စန်းစန်းနွယ်၊ (သား) မောင်ကျော်ဇေယျဝင်း၊(သမီး)မအေးမြတ်မွန်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၇၉။ | ဦးစိုးအောင်နှင့်ဇနီး ဒေါ်ခင်ဌေးဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၈၀။ | ဦးကျော်သီဟနှင့်ဇနီး ဒေါ်စောသီရိနိုင်၊ (သမီး) မသဲသီရိနိုင်၊ မပိုးပိုးကဗျာနိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၈၁။ | ဦးနိုင်ကိုလတ်နှင့်ဇနီး ဒေါ်ဝိုင်းသီရိမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၈၂။ | ဦးစိုးမြင့်ဦး(ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)နှင့်ဇနီး ဒေါ်ကြူကြူသင်း၊ (သမီး)ဒေါက်တာဒေါ်နန္ဒာစိုးမြင့်၊ ဒေါ်မြတ်သဉ္ဇာစိုး၊ (မြေး) Alvin မောင်မောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၈၃။ | ဦးအောင်စိုးနှင့်ဇနီး ဒေါ်ခင်ခင်အေး၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၈၄။ | ဦးဝင်းလှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၈၅။ | ကွယ်လွန်သူ ဒေါ်ခင်ပြုံးကြည်အားရည်စူး၍ ဦးကျော်ဆွေဦး၊ မဇပရယ်မိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၈၆။ | ကွယ်လွန်သူ ဒေါ်ညွန့်စိန်ကြည်အားရည်စူး၍ မြို့နယ်တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ ဦးစံနိုင်(ငြိမ်း)၊ (သားငယ်) ဗိုလ်မှူးကြီးထင်လင်းအောင်နှင့်ဇနီး ဒေါ်ထွေးစုစုသိန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၈၇။ | ကွယ်လွန်သူ ဦးအောင်ကြည်ဝင်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၈၈။ | ဦးကျော်သူရနှင့်ဇနီး ဒေါ်ခင်မို့မို့လှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၈၉။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်ခင်ဖုန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၉၀။ | ဦးမြင့်လွင်နှင့်ဇနီး ဒေါ်အေးမြင့်ကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၉၁။ | ဦးဇော်လင်းအောင်နှင့်ဇနီး မတင်ဇာလှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၉၂။ | ဖခင်ဦးခင်ညိမ်းနှင့် မိခင်ကြီးဒေါ်တင်တင်ရီတို့အားရည်စူး၍ (သမီး) ဒေါ်မာလာထွေး၊(မြေး) ကိုရဲမာန်ရှိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၉၃။ | မဟာဓမ္မိကာရာမ ဓမ္မစကူးလ်မိသားစုကောင်းမှု | ၇၅၀၀၀ |
| ၇၃၉၄။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဗိုလ်ကြီးမြင့်ငွေ(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်ဝင်းမော်၊ (သမီး)မနှင်းငွေရည်ဦး၊ မနှင်းငွေရည်ဖူး၊ မနှင်းငွေရည်ပွင့်၊ မနှင်းငွေရည်ထွေး၊ (သား) မောင်ဝေယံလင်းမိသားစုကောင်းမှု | ၇၅၀၀၀ |
| ၇၃၉၅။ | ဦးကိုကြီးနှင့်ဇနီး ဒေါ်ငွေစိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၃၉၆။ | ဦးစိုးသိန်းနှင့်ဇနီး ဒေါ်မြမြရီ၊ (သမီး) မလင်းသဒ္ဓါအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၃၉၇။ | ဦးပြည့်စုံနှင့်ဇနီး ဒေါ်ဇင်မာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၃၉၈။ | ဦးကြည်လွင်နှင့်ဇနီး ဒေါ်သီသီဆန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၃၉၉။ | ကွယ်လွန်သူဖခင် ဦးသိုင်းထွန်းအားရည်စူး၍ ဦးဗညားအောင်နှင့်ဇနီး ဒေါ်မေဇာနည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၀၀။ | ဦးကျော်လင်းနှင့်ဇနီး ဒေါ်သီသီနွဲ့၊ (သမီး) မမေမြတ်ကျော် (KTM သောက်ရေသန့်)မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၀၁။ | ဗိုလ်မှူးကြီးအောင်ကိုကိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၀၂။ | ဒုတိယဗိုလ်မှူးကြီးဇော်မျိုးအောင်(ငြိမ်း)နှင့်ဇနီး ဒေါ်အိဇာခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၀၃။ | ဦးသိန်းဝင်းနှင့်ဇနီး ဒေါ်သန်းမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၀၄။ | ဦးညီညီဝင်းနှင့်ဇနီး ဒေါ်သင်းသင်းအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၀၅။ | ဒေါ်ခင်ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၀၆။ | ဒေါ်ရီရီလွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၀၇။ | ဦးကြည်အောင်နှင့်ဇနီး ဒေါ်ခင်လေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၀၈။ | ဦးဘမော်နှင့်ဇနီး ဒေါ်ခင်ရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၀၉။ | ကွယ်လွန်သူမိဘများနှင့်ဇနီးတို့အားရည်စူး၍ ကျန်ရစ်သူ ဦးမောင်မြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၁၀။ | ကွယ်လွန်သူ ဦးချေါအားရည်စူး၍ ဒေါ်မြရင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၁၁။ | ဦးအောင်ဇော်မိုးနှင့်ဇနီး ဒေါ်အေးအေးတင့်၊ (သမီး)မဖြူစင်မိုးမြင့်၊ (သား)မောင်ဘုန်းမြတ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၁၂။ | ဒေါ်လှလှကျော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၁၃။ | ဦးမောင်မောင်အေးအောင်နှင့်ဇနီး ဒေါ်စန်းစန်းအေး၊ (သမီး)မအိမ့်မြတ်ချယ်ရီအောင်၊ မခြူးဆင့်မြတ်ချယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၁၄။ | ဦးသိန်းထိုက်နှင့်ဇနီး ဒေါ်ခတ်ခတ်ဇော်မင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၁၅။ | ဦးထင်အောင်နှင့်ဇနီး ဒေါ်မိမိခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၁၆။ | ဦးမောင်မောင်မြင့်နှင့်ဇနီး ဒေါ်သိန်းကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၁၇။ | ဒေါ်ဆုဇန်အောင်အားရည်စူး၍ ဦးနိုင်ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၀၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆


**ပျောက်ဆုံးကြောင်း**

ကျွန်တော် မြတ်မျိုးကျော် [၁၄/ကခန(ဧည့်)၀၀၀၀၃၂]၏ ပတ်စ်ပို့နံပါတ်(ME080463)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ Ph:09-772220099

**ပတ်စ်ပို့ပျောက်**

ကျွန်တော် မောင်ထာဝရအောင်[၇/ရတရ(နိုင်)၂၀၃၄၆၁]၏ ပတ်စ်ပို့နံပါတ်(MC-266667)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၉၈၅၅၇၁၇

**ပျောက်ဆုံးကြောင်း**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်နေ ဒေါ်နှင်းရတနာနိုင်[၁၂/ကတတ(နိုင်)၀၂၇၃၈၂] နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ Ph:09-794380631

**ပျောက်ဆုံးကြောင်း**

ဦးဇော် ထိုက် အောင် [၁၂/သကတ(နိုင်)၁၅၉၀၂၄] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ် M446495 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ Ph-09-420287892

**ပျောက်ဆုံးကြောင်း**

မောင်နိုင်ထွန်း[၈/ခမန(နိုင်)၁၉၃၇၃၄](ဘ)ဦးဟံလွင် ကိုင်ဆောင်သော ပတ်စ်ပို့နံပါတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ Ph-09-794773607

**"ပြင်ဆင်ဖတ်ရှုပါရန်"**

(၁၅-၁၁-၂၀၂၃) ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ (၂၂)၌ တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်ခင်ဌေး၏ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ၌ မြေကွက်အမှတ်(၂၉၆/ခ)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ပျောက်ဆုံးကြောင်း**

မောင်ရဲဇင်ဦး[၁၂/မရက(နိုင်)၁၃၄၈၂၆](CDC-61802) ကိုင်ဆောင်သော သင်္ဘောသား BST,DSDနှင့် EER လက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။Ph-09-795498087

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## လျှောက်လွှာနောက်ဆုံးလျှောက်ထားရမည့်ရက် ပြင်ဆင်သတ်မှတ်ခြင်း

**ကြော်ငြာစာအမှတ်- ၄/၂၀၂၃**

**၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၂)ရက်**

**၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ(၁၄)ရက်**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ အခြေခံပညာ အထက်တန်းကျောင်း (၅၁)ကျောင်းတွင် လစ်လပ်လျက်ရှိသော လစာနှုန်း(ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)အဆင့်ရှိ နည်းပြ(စိုက်ပျိုးရေး/မွေးမြူရေး)(၁၀၂/၁၀၂)နေရာ၊ လစာနှုန်း(ကျပ် ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀)အဆင့်ရှိ ဒုတိယနည်းပြ(စိုက်ပျိုးရေး/မွေးမြူရေး)(၁၀၂/၁၀၂)နေရာ၊ လစာနှုန်း (ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)အဆင့်ရှိ ဒုတိယလက်ထောက်ဦးစီးမှူး(ကွင်းဆင်းလက်ထောက်) (စိုက်ပျိုးရေး/မွေးမြူရေး)(၅၁/၅၁)နေရာ၊ စုစုပေါင်း အမှုထမ်း(၅၁၀) နေရာအတွက် သတ်မှတ်အရည်အချင်းကိုက်ညီသူများအား ၁၀-၁၁-၂၀၂၃ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း ၂၀-၁၀-၂၀၂၃ နှင့် ၂၁-၁၀-၂၀၂၃ ရက်နေ့တို့တွင် ထုတ်ဝေသည့် မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာနှင့် ဝန်ကြီးဌာန Website တို့တွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။

၂။ အထက်ပါ လျှောက်လွှာခေါ်ယူမှုအတွက် နောက်ဆုံးထား လျှောက်ထားရန် သတ်မှတ်သည့် ၁၀-၁၁-၂၀၂၃ ရက်အစား ၁၅-၁၂-၂၀၂၃ ရက်နေ့အား ပြောင်းလဲ ပြင်ဆင်သတ်မှတ်လိုက်သည်။

၃။ နည်းပြနှင့် ဒုတိယနည်းပြရာထူးများအတွက် အရည်အချင်းစစ်ရေးဖြေ စာမေးပွဲကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် မြန်မာစာ၊ အထွေထွေဗဟုသုတ၊ အင်္ဂလိပ်စာတို့အား မေးခွန်းတစ်ခုလျှင် (၂)နာရီဖြင့် အောက်ပါနေ့ရက်များအတိုင်း ဖြေဆိုရမည်ဖြစ်သည်။ ယင်းရာထူးများအတွက် ရေးဖြေ စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို ၂၉-၁၂-၂၀၂၃ ရက်နေ့တွင် နေပြည်တော် ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ မူဝါဒ၊ စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစိတ်(၇)တွင် ဖြေဆိုမည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ ရုံးချိန်အတွင်း ထုတ်ယူရပါမည်။

| စဉ် | ဖြေဆိုရမည့်ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | မြန်မာစာ | (၃၀-၁၂-၂၀၂၃) | (၁၀:၀၀ နာရီမှ ၁၂:၀၀ နာရီထိ) |
| (ခ) | အထွေထွေဗဟုသုတ | (၃၀-၁၂-၂၀၂၃) | (၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီထိ) |
| (ဂ) | အင်္ဂလိပ်စာ | (၃၁-၁၂-၂၀၂၃) | (၁၀:၀၀ နာရီမှ ၁၂:၀၀ နာရီထိ) |

၄။ ဒုတိယလက်ထောက်ဦးစီးမှူး(ကွင်းဆင်းလက်ထောက်)ရာထူးအတွက် အရည်အချင်းစစ် ရေးဖြေစစ်ဆေးခြင်းကို နေပြည်တော်စာစစ်ဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနများတွင် တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်ပါ၍ မိမိတို့ဖြေဆိုမည့်စာစစ်ဌာန(၁)ခုကို ဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါ စာစစ်ဌာန၌သာ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။ ယင်းရာထူးအတွက် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို(၃၀-၁၂-၂၀၂၃) ရက်နေ့(နံနက် ၁၀:၀၀ နာရီ)၌ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များ ပါဝင်သော (၂)နာရီမေးခွန်းဖြင့် ဖြေဆိုရမည်ဖြစ်သည်။

၅။ ယင်းရာထူးအတွက် ရေးဖြေစာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို (၂၉-၁၂-၂၀၂၃)ရက်နေ့၌ တိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနများတွင် ဖြေဆိုသူများ အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများ၌လည်းကောင်း၊ နေပြည်တော် စာစစ်ဌာနတွင် ဖြေဆိုသူများအနေဖြင့် ရုံးအမှတ် (၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ မူဝါဒ၊ စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစိတ်(၇)၌ လည်းကောင်း ဖြေဆိုမည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ ရုံးချိန်အတွင်း ထုတ်ယူရပါမည်။

၆။ ရေးဖြေအောင်မြင်သူများအား လူတွေ့စစ်ဆေးမည့် အစီအစဉ်ကို ထပ်မံ အကြောင်းကြားမည်ဖြစ်ပြီး သိရှိစုံစမ်းလိုပါက စိုက်ပျိုးရေးဦးစီးဌာန Website www.doa.gov.mm/doa နှင့် အပိုဒ်(၇)ပါ ဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်း နိုင်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊ တယ်လီဖုန်းအမှတ်- ၀၆၇-၃၄၁၀၃၂၅/ ၀၆၇-၃၄၁၀၅၁၇/၀၆၇-၃၄၁၀၁၄၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၅-ကံဘဲ့၊ မြေကွက်အမှတ်-၅/ဘီ-၂/ခ၊ ဧရိယာ (၀.၁၆)ဧက မြေကွက်တည်နေရာအမှတ်(၁၉/က)၊ စိမ်းလဲ့မေ ရိပ်သာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ဦးကြင်စော (၁၂/မရက(နိုင်) ၀၆၇၂၅၇)အမည်ပေါက် ဂရန်ရှိမြေပိုင်မြေအား အမည်ပေါက် (ဖခင်) ဦးကြင်စောနှင့် (မိခင်) ဒေါ်ခင်သန်းတို့ အသီးသီးကွယ်လွန်သဖြင့် ၎င်းတို့၏သားသမီးများဖြစ်ကြသော ဒေါ်စန်းစန်းနု (၁၂/အစန(နိုင်)၁၁၄၈၃၄)၊ ဦးအောင်ဖော် (၁၂/မရက(နိုင်)၀၇၆၃၉၅)၊ ဒေါ်ခင်သီတာစော (၁၂/မရက(နိုင်)၀၇၅၉၇၉)တို့ (၃)ဦးအနက် ဒေါ်စန်းစန်းနု၊ ဦးအောင်ဖော်တို့မှ (ကိုယ်တိုင်)နှင့် ဒေါ်ခင်သီတာစောထံမှ GPအမှတ်- ၃၆၀၅/ ၂၀၂၃(၂၄-၂-၂၀၂၃)ရသူ ဒေါ်ခင်ချိုလတ် (၁၂/ဒဂမ(နိုင်)၀၂၂၃၇၈)မှ ပူးတွဲ၍ အဖ ဦးကြင်စောနှင့် အမိ ဒေါ်ခင်သန်းတို့မှ မွေးဖွားသောသားသမီးများဖြစ်ကြပြီး အခြားညီအစ်ကိုမောင်နှမသားချင်းများမရှိပါကြောင်း၊ ကိတ္တိမသားသမီး မွေးစားခဲ့ခြင်းလည်းမရှိပါကြောင်း၊ မိမိတို့ကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အခြားမည်သူတစ်ဦးတစ်ယောက်မှ အမွေဆက်ခံပိုင်ဆိုင်ခြင်းမရှိပါကြောင်း၊ ဒေါ်စန်းစန်းနု + ၂ တို့၏ (၂၅-၄-၂၀၂၃)ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ အရောင်းအဝယ်စာချုပ်အမှတ်-၂၂၂၀/ ၁၉၉၂ (၁၇-၁၁-၁၉၉၂)၊ အမှားပြင်စာချုပ်(မိတ္တူမှန်)အမှတ်-၃၄၈၂/၂၀၀၅(၁၄-၉-၂၀၀၅)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ မိခင်/ဖခင်တို့၏ သေဆုံးမှု လက်မှတ်၊ GP ၊ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်မရုတ်သိမ်း သေးကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီး ဌာန၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ဝါနှင့်လျှော်မျှင်ထွက် သီးနှံဌာနခွဲ လက်အောက်ရှိ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ ဝါးခယ်မလျှော်ရွေးလျှော်ထုတ်စက်ရုံ မြေ(၇၀.၀၁)ဧကနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦများအား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ နှစ်ရှည်ငှားရမ်းခြင်း ဆောင်ရွက်မည် ဖြစ်ပါသဖြင့် ငှားရမ်းမှုအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ ဈေးနှုန်းပေးသွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - (၁၆-၁၁-၂၀၂၃)ရက်မှ (၂၈-၁၁-၂၀၂၃) ရက်အထိ (ရုံးချိန်အတွင်း)

၃။ တင်ဒါပုံစံရောင်းချမည့်နေရာ - စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ရုံးအမှတ်(၄၃)၊ နေပြည်တော်

၄။ တင်ဒါလျှောက်လွှာပိတ်ရက် - (၂၉-၁၁-၂၀၂၃)ရက်၊ (၁၃:၀၀)နာရီ။

၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန(ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ)၊ ရုံးအမှတ် (၄၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇- ၄၁၀၂၁၀၊ ၀၆၇-၄၁၀၅၁၈တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါအမှတ်စဉ် - ၄ /၂၀၂၃-၂၀၂၄ ခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ် (၁)သတ္တုတွင်းလုပ်ငန်းမှ အောက်ပါသတ္တုပစ္စည်းများကို အမေရိကန် ဒေါ်လာဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ ရောင်းချမည်ဖြစ်ပါသည် -

(က) **Smelter Slag (၁၀၀၀၀၀) မက်ထရစ်တန်**
(1) Lot လျှင် (၅၀၀၀၀) (2) Lots နမ္မတူသတ္တုတွင်း၊ မက်ထရစ်တန်စီဖြင့်

(ခ) ခဲသတ္တု (Pb-၄၄.၉၈၅ %) ၆၉ တန် လွိုင်လင်မြို့

(ဂ) ခနောက်စိမ်းသတ္တု (Sb-၁၇.၆၈၅ %) ၂၀ တန် ဟဲဟိုးရုံးခွဲ

၂။ (က) အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံများကို (၁၅-၁၁-၂၀၂၃) ရက်မှ (၂၈-၁၁-၂၀၂၃) ရက်အထိ ရောင်းချသွားမည် ဖြစ်ပါသည်။

(ခ) တင်ဒါပိတ်မည့် နေ့ရက်နှင့်အချိန်မှာ (၃၀-၁၁-၂၀၂၃)ရက်နေ့ (၁၃:၀၀) နာရီ ဖြစ်ပြီး၊ ယင်းနေ့ (၁၅:၀၀)နာရီတွင် အိတ်ဖွင့် တင်ဒါများ ဖွင့်ဖောက်မည် ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို နေပြည်တော်၊ ရုံးအမှတ် (၁၉)၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ ဝယ်ယူရေး နှင့်ထောက်ပံ့ရေးဌာနခွဲ၊ ဖုန်း ၀၆၇-၃၄၀၉၁၆၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း ရယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အမှတ်(၁)သတ္တုတွင်းလုပ်ငန်း**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ လိပ်ကန် လမ်း၊ ပုဇွန်တောင်ဥယျာဉ် (လိပ်ကန်) အိမ်ရာ၊ တိုက်(၄)၊ အခန်းအမှတ် (၂၀၃)၊ ဒုတိယထပ်၊ (၁၂၂၅)စတုရန်းပေအကျယ်အဝန်းရှိ ရေမီးစုံ တိုက်ခန်း (၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ချောစုလှိုင်[၁၂/အစန(နိုင်) ၁၅၂၇၂၇]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိ သည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကိုကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက် အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ် တို့ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph-09-954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |

**(၅)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။ Ph:09-420080932,09-983837110**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမ၊ အမှတ်(၁၅)၊ ပထမထပ်(၂)လွှာ၊ အကျယ်အဝန်း(၂၄ ပေx၅၀ ပေ)ရှိ တိုက်ခန်း နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ ရောင်းချခြင်း ဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်စောမြတ်သန္တာ (ခ)မသန္တာ[၁၂/ လသန(နိုင်)၀၀၁၇၅၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤ ကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်အိသီရိကြူ LL.B, M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၆၃၄၀၅**

## ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်(၁၀)ရှိ ပဉ္စမထပ်(၆-လွှာ)၊ Hall Type, အကျယ်အဝန်း(၂၂ပေ × ၄၈ပေ)ရှိ တိုက်ခန်း(၁)ခန်း အပါအဝင်အကျိုးခံစားခွင့်နှင့်ပတ်သက်၍ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား (၁၇-၈-၂၀၂၂)ရက်စွဲပါ ကတိစာချုပ်အရ တရားဝင်လက်ရှိထားပိုင်ဆိုင်ထားပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ **ဦးဟန်နီဦး (၁၂/လမန(နိုင်)၁၅၀၇၇၈)**ထံမှကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်(၁၄-၁၁-၂၀၂၃) ရက်စွဲပါကတိစာချုပ်ဖြင့်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ထိုအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းစာချုပ်စာတမ်း(မူရင်း)များ နှင့်တကွကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်မျိုးသိန်း ( LL.B, DBL, DIL, DA Psy )**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၈၃၃)**
**အမှတ်-၅၀၊ ပ-ထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၇၈၅၅၅၀၂၅၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ၈၈-၁၀၊ ဦးပိုင်အမှတ်(၉၅) အရှေ့ခြမ်း/၅၀x၅၁ကြား၊ ၁၀၇x၁၀၈ ကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ခင်ပွန်း တပ်ကြပ်ဝင်းလှိုင် ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ခင်စန်းငြိမ်း [၉/မနမ(နိုင်)၀၈၈၀၇၅]က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ ခဲစင်းပြ အမွေဆက်ခံ စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉)၊ မြေကွက်အမှတ်-၆၂၇/က၊ မြေကွက်တည်နေရာ အမှတ် (၆၂၇/က)၊ ဇာနည်(၁၃)လမ်း၊ (၉) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးနီ[၁၂/ဥကတ(နိုင်)၀၂၅၇၅၉] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်အမည်ပေါက် ဦးနီ(ဖခင်)နှင့်ဒေါ်လှသန်း(မိခင်)တို့အသီးသီးကွယ်လွန်ပြီး မွေးဖွားသား/သမီး (၇)ဦးအနက် သားတစ်ဦးဖြစ်သူ ဦးကျော်စိုးလွင် (လူပျိုကြီးဘ၀)ဖြင့် ကွယ်လွန်ပြီး သားတစ်ဦးဖြစ်သူ ဦးအောင်သက်ထွန်းသည် မိခင်ထက်စော၍ ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက်ဒေါ်နွေးနွေးအောင်[၁၂/ဥကတ(နိုင်)၂၀၁၃၄၇]၊ မောင်မြတ်ဇင်အောင်[၁၂/ဥကတ(နိုင်)၂၀၁၃၃၀]၊ မောင်မြတ်မင်းအောင် (မှတ်ပုံတင် မပြုလုပ်ရသေး) (အရွယ်မရောက်သေးသူဖြစ်၍ သဘာဝအုပ်ထိန်းသူမိခင် ဒေါ်ခင်စိုးယုမှ လက်မှတ်ရေးထိုးသည်) မှ အမွေမမီမြေးများ အဖြစ် ပါဝင်ပြီး ကျန်အမည်ပေါက်၏သား/သမီးများဖြစ်ကြသော ဒေါ်ကြည်ကြည်မြင့် [၁၂/ဥကတ(နိုင်)၀၂၅၇၆၀]၊ ဒေါ်သန်းသန်းမြင့် [၁၂/လကန(နိုင်)၂၁၈၄၅၃]၊ ဦးဟန်မြင့် [၁၂/ဥကတ(နိုင်) ၀၃၀၂၃၃]၊ ဒေါ်ရီရီမြင့် [၁၂/ဥကတ(နိုင်) ၀၂၄၉၈၅]၊ ဒေါ်လှဲ့လှဲ့ခိုင် [၁၂/ဥကတ(နိုင်) ၁၄၀၇၂၅] တို့နှင့် ပူးတွဲ၍ ဂရန် ၊ နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ သား/သမီးနှင့်မြေးများတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂) စောင်၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## "Daily Plants Daily Flowers"
## အမှတ်တံဆိပ်အားအများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၄) ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် (၁၇/အေ) တွင်နေထိုင်သော ဒေါ်ရည်လေးမွန် (ဘ) ဦးကြီးမြင့် (ခ) ထန်ကင်ဘိန်း [၁၂/ပဇတ(နိုင်)၀၂၉၂၃၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

**လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသား**

ကျွန်ုပ်၏မိတ်ဆွေက **Daily Plants Daily Flowers** လုပ်ငန်းအမှတ်တံဆိပ်အမည်ဖြင့် ပန်းအလှဆင်ခြင်းနှင့်ပတ်သက်သော ဝန်ဆောင်မှုများ၊ အိမ်အသုံးအဆောင်ပစ္စည်းများ၊ ဖန်အိုး၊ ဘုရားပန်းအိုး၊ အပင်နှင့်ပတ်သက်သောဆက်စပ်ပစ္စည်းများ၊ အပင်အမျိုးမျိုး၊ ပန်းအမျိုးမျိုး၊ ဖန်ပုလင်း၊ ကော်ပန်းအိုး၊ ကြွေအိုး၊ ပန်းနှင့်ဆက်စပ်ပစ္စည်းများ၊ ပန်းထိုးပစ္စည်းများ၊ အိမ် /ရုံး အလှဆင်ပစ္စည်းများစသည်တို့ကို ဖြန့်ချိရောင်းချသည့် လုပ်ငန်းကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လုပ်ကိုင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထို့သို့ရောင်းချရာတွင် အထက်ဖော်ပြပါ **Daily Plants Daily Flowers** လုပ်ငန်းအမှတ်တံဆိပ်အမည် အမှတ်အသားဖြင့် ဆိုင်းဘုတ်၊ ဗီနိုင်းကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Letter Head, Internet, Website အစရှိသည်တို့တွင် ထည့်သွင်း၍လည်းကောင်း လုပ်ငန်းအမှတ်တံဆိပ်ကို ဖိနှိပ်၊ ကပ်နှိပ်၊ ရိုက်နှိပ်၊ အသားတံဆိပ်အဖြစ် ပြုလုပ်၍ လည်းကောင်း ဥပဒေနှင့်အညီ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အား မိမိတစ်ဦးတည်း မူပိုင်သုံးစွဲခွင့်ရရှိရန် မူပိုင်ခွင့်ဦးစီးဌာနတွင် မှတ်ပုံတင်သွင်းမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ဇာနည်နှင်း** | **ဒေါ်ခင်ပြည့်** | **ဒေါ်တင်တင်အေး** |
| **(LL.B,D.B.L,D.I.L)** | **(LL.B,D.B.L)** | **(LL.B,D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၆၈၅၅)** | **(စဉ်-၇၀၄၈)** | **(စဉ်-၂၉၀၅၈)** |

**အမှတ်-၅၀၊ ၃၉လမ်း (ကမ်းနားဘလောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၅၆၇၆၁၂၂**

## "ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအတွက် အသိပေးကြော်ငြာခြင်း"

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၄၆-လမ်း၊ အမှတ်- ၁၂၇ နေ အမျိုးသား မှတ်ပုံတင်ကတ်ပြားအမှတ်- E/DGNMTT-၀၁၄၉၅၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

အောက်တွင် ဖော်ပြထားသော လုပ်ငန်းသုံးအမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတော်၌ မှတ်ပုံတင်စာချုပ်အမှတ် (၉၆၈၅/၂၀၂၃)ဖြင့် (၁-၁၁-၂၀၂၃)ရက်နေ့မှစ၍ မှတ်ပုံတင်သွင်းကြေညာစာချုပ်ဖြင့် မှတ်ပုံတင်သွင်းခဲ့ပါသည်-

**မှတ်ပုံတင်စာချုပ်အမှတ်-(၉၆၈၅/၂၀၂၃)**

အထက်အမည်ပါ တံဆိပ်အမှတ်အသားမှာ **Zero** ဟူသော အမည်ဖြင့် စာရေးကိရိယာအမျိုးမျိုးပေါ်တွင် လည်းကောင်း၊ စာရေးကိရိယာများ ထည့်သွင်းအသုံးပြုသည့် စက္ကူအိတ်၊ ပလတ်စတစ်အိတ်၊ ဖိုင်၊ ပါဆယ်ထုပ်၊ ကြွပ်ကြွပ်အိတ်စသည်တို့တွင် လည်းကောင်း၊ စာရေးကိရိယာနှင့် ပတ်သက်သော ပစ္စည်းအရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုးတို့ဖြင့် ပြုလုပ်ပြီး စာရေးကိရိယာများပေါ်တွင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ အသားတံဆိပ်ပြုလုပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ထုတ်လုပ် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲခြင်းမပြုလုပ်ကြပါရန်နှင့် တုပသုံးစွဲခြင်းကို တွေ့မြင်ကြားသိရပါက မိမိလုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာမှုအတွက် ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးကျော်မြင့် (HGP, LL.B)** | **ဒေါ်နှင်းမြခိုင် (LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၂၂၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၀၃)** |

**အမှတ်-၁၂၆၊ ပထမထပ်(ယာ)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၈၆၇၀၄၊ ၀၉-၄၄၃၀၈၈၃၈၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၂)၊ မြေကွက်အမှတ် (၄၈၇)၊ လူနေအခေါ် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၂၂)ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ် (၄၈၇)ဟုခေါ်တွင်သည့် အလျား (၂၀)ပေx အနံ (၆၀)ပေရှိသော မြေခွန်ပြေစာတွင် ဦးဟံရှင် အမည်ပေါက်သော လယ်မြေအမျိုးအစားမြေကွက်နှင့် ယင်းလယ်မြေပေါ်ရှိ သွပ်မိုး၊ အုတ်ကာ (၁)ထပ် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ညိုညိုသန်း [၁၂/အစန(နိုင်)၁၅၉၂၈၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေသူကျော် [၁၂/သဃက(နိုင်)၁၉၂၀၇၅] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါလယ်မြေကွက်နှင့် (၁)ထပ်အဆောက်အဦ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်သဇင်စိုး (LL.B) (D.B.L) (D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၄၄)**
**အမှတ်(၂၇၀)၊ ခေမာ (၂)လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၉၁၂၃၅၄၁၀၊ ၀၉-၉၇၄၆၀၀၈၉၉**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)
## ဒလမြို့နယ်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၄

၁။ ဦးဇော်မျိုးညွန့်
၂။ ဒေါ်မူမူသန်း နှင့် ဦးကျော်ညွန့်
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ် (၄၆၈/က)နေ ဦးကျော်ညွန့် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သော ဦးဇော်မျိုးညွန့်၊ ဒေါ်မူမူသန်းက "ပဋိညာဉ်အတိုင်း အိမ်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၄)ရက် (၁၃၈၅-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၁၄)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(စောယုမွန်)**
**မြို့နယ်တရားသူကြီး**
**ဒလမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ် (၄-B၊ အထက်ပိုင်းရပ်ကွက်)၊ ဦးပိုင်အမှတ်(၁၄)၊ ဧရိယာ (၀.၀၆၀)ဧကရှိ မြေသည် ဒေါ်ဖွားကျင် အမည်ဖြင့် (၇-၅-၁၉၉၇)မှ (၆-၅-၂၀၂၇)ထိ နှစ်(၃၀) မြေငှားဂရန်ရရှိထားပြီး ဒေါ်ဖွားကျင်မှာ ကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်း၏ သားဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ အမှတ် (၃)ရပ်ကွက်၊ ဈေးလမ်း၊ အမှတ် (၂၉)နေ ဦးစစ်လှိုင် [၁၄/မအပ(နိုင်) ၁၄၄၂၄၈]နှင့် မြေးဖြစ်သူ ဒေါ်ချိုချိုနိုင် [၁၄/မအပ(နိုင်)၀၀၆၆၀၈]တို့မှ မြေငှားဂရန် အမည်ပြောင်းရရှိရေးအတွက် မြေငှားဂရန်စာချုပ်၊ မအူပင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်မှုံးရုံး၏ (၂-၁၁-၂၀၂၃)ရက်စွဲပါ စာချုပ်အမှတ် (၂၂/၂၀၂၃) ပိုင်ဆိုင်ကြောင်း မွေက်ဟကြေညာစာချုပ်၊ မြို့နယ်တရားရုံး ကျမ်းကျိန်လွှာနှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထား များနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်း အား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန် အမည်ပြောင်းထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ် (၄-A၊ အထက်ပိုင်းရပ်ကွက်)၊ ဦးပိုင်အမှတ်(၂၀)၊ ဧရိယာ(၀.၀၇၀)ဧကရှိ မြေသည် ဦးသက်ဦးအမည်ဖြင့် (၉-၆-၂၀၂၁)မှ (၈-၆-၂၀၅၁)အထိ နှစ်(၃၀) မြေငှားဂရန်ရရှိထားပြီး ဦးသက်ဦးမှာကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ အမှတ် (၃)ရပ်ကွက်၊ (၃)လမ်း၊ အမှတ်(၈)နေ ဒေါ်သီတာ [၁၄/မအပ(နိုင်)၀၂၁၃၈၃]မှ မြေငှားဂရန် အမည်ပြောင်းရရှိရေးအတွက် မြေငှားဂရန်စာချုပ်၊ မအူပင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်မှုံးရုံး၏ (၂-၁၁-၂၀၂၃)ရက်စွဲပါ စာချုပ်အမှတ် (၂၁/၂၀၂၃) ပိုင်ဆိုင်ကြောင်း မွေက်ဟကြေညာစာချုပ်၊ မြို့နယ်တရားရုံးကျမ်းကျိန်လွှာနှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အမည်ပြောင်း ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## ဝေလျှံစစ်ငြိမ်းအေး
**B.Sc(Physics)**
**Second Officer (Huayang Myanmar Marine Service)**
**အသက်(၃၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ စံပြကျေးရွာ(မင်းကုန်း)၊ အမှတ် (၃/၂၂)နေ ဗိုလ်ကြီး မောင်မောင်လွင်(ငြိမ်း)-ဒေါ်ယုယုဆွေ(အထက-၁၊ မင်းကုန်း) တို့၏သားကြီး၊ မောင်ရဲထွဋ်ခေါင်(MSC Crew Service Myanmar)၏ အစ်ကိုဖြစ်သူသည် ၁၅-၁၁-၂၀၂၃ ရက်နေ့ နံနက် ၀၂:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၂၃ရက်နေ့တွင် စံပြကျေးရွာသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၁-၂၀၂၃ ရက်နေ့တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ အနောက်ရပ်ကွက်၊ အကွက်အမှတ်-၂၉၊ အကွက်အမည်-တောင်ပိုင်းအနောက်ရပ်၊ ဦးပိုင်အမှတ်-၁၈၊ မြေကွက်အမှတ်-၂၉၊ နှစ် (၃၀) မြေငှားဂရန်မြေအမျိုးအစား၊ ဧရိယာအားဖြင့် (၁.၈၃၁)ဧက အကျယ်အဝန်းရှိသည့် မြေကွက်နှင့် ၎င်းမြေကွက်နှင့်ဆက်စပ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူဖြစ်သည့် **ဒေါ်ခင်မြင့် (နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-၁၂/မရက(နိုင်) ၀၆၀၄၀၆)**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် (၁၈-၁၀-၂၀၂၃)ရက်စွဲပါ "မြေကွက်အရောင်းအဝယ်စရန်ငွေပေးကတိစာချုပ်"ကို ပြုလုပ်ချုပ်ဆို၍ အထက်ဖော်ပြပါ မြေကွက်ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်အား လွှဲပြောင်းရောင်းချခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ၊ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ယခုအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါ အရောင်းအဝယ်ကိစ္စအား ပြီးမြောက်သည်အထိ တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နန်းယဉ်ယဉ်လင်း LL.B., M.A. (Business Law)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၂၂)**
**အခန်းအမှတ်-၂၀၈၊ မဟာမြေစင်တာ၊ ကမ္ဘာအေးဘုရားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၀၁၅၅၀၈၇၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်


ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင် (၁၃)လမ်း၊ မြေကွက်အမှတ် (၂၈၅)၊ အိမ်အမှတ် (၆)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက်၏ (တတိယထပ်/၄-လွှာ-ညာ)တိုက်ခန်းနှင့် တွယ်ကပ်လျက်ရှိသော ရေ၊ မီး၊ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်သီတာအောင် [၁၂/သဃက(နိုင်)၀၃၇၉၉၂]မှ မိမိသာလျှင် တရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ဖော်ပြပါ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အခြားသူတစ်ဦးတစ်ယောက်ထံ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ လှူဒါန်းထားခြင်းတို့မှ ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေ ဦးရဲလင်းထွန်း [၁၁/အမန(နိုင်)၀၅၁၃၅၇]နှင့် ဦးရဲဟိန်းထွန်း [၁၁/အမန(နိုင်)၀၄၃၂၉၆]တို့အား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား (စရန်ငွေ)အဖြစ် ဒေါ်သီတာအောင်ထံ ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၇-ရက်)အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါတိုက်ခန်း၏ အရောင်းအဝယ်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆုမြတ်အောင် (တရားလွှတ်တော်ရှေ့နေ) စဉ်-၈၄၅၇**
**LL.B, D.B.L, D.I.L, D.IP.L, Dip in Global English**
**PGDCWE, DL-DIP (101,202,302,317) (Switzerland)**
**အမှတ်(၁၃၂၅)၊ ရွှေပြည်သာ(၆)လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။ ဖုန်း- ၀၉-၅၀၂၅၅၈၃၊ ၀၉-၉၆၅၀၂၅၅၈၃၊ ၀၉-၄၄၅၄၄၄၃၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ အမှတ်(၁၁) ရပ်ကွက်၊ အကွက်အမှတ် (၁၉၅၊ လုပ်စာကွင်း)၊ ဦးပိုင်အမှတ်(၁၁၄-ည)၊ ဧရိယာ (၀.၀၅၅)ဧကရှိ မြေအား ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့၊ (၁၁)ရပ်ကွက်၊ မင်္ဂလာခြံဝန်းလမ်းနေ ဦးလင်းမြတ်ကျော် [၁၄/ဓနဖ(နိုင်) ၀၈၂၉၉၇]မှ မြေငှားဂရန်အသစ် ရရှိရေးအတွက် နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်စာချုပ်၊ မေတ္တာဖြင့် အပြီးအပိုင်လွှဲပြောင်းပေးအပ်ခြင်းကတိစာချုပ်၊ မြို့နယ်တရားရုံး ကျမ်းကျိန်လွှာနှင့် အခြားလိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အသစ် ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**



## ဒေါ်သန်းတင့်
## ရွာလွတ်ရွာ၊ ဘီးလူးကျွန်း
## အသက် (၇၉)နှစ်

အမှတ်(၁၂၄/အေ)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် အမှတ် (၂၀၅)၊ ဆိပ်ကမ်းသာလမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ [ဦးရွှေဝမ်(မြိတ်)-ဒေါ်ခင်တင့်(ရွာလွတ်)]တို့၏ သမီးကြီး၊ ဒေါ်မာလာဝင်း-ဦးစန်မင်း၊ ဦးနေဝင်း-ဒေါ်ကျင်ထွေး၊ ဦးရွှေဝင်း-ဒေါ်မျိုးမျိုးနွယ်ထွန်း (ခေတ္တ-Bangkok)၊ ဒေါ်နီလာဝင်း-ဦးဝင်းနိုင်၊ ဒေါ်ညိုညိုဝင်း-ဦးစိုးမိုးခိုင်၊ ဒေါ်မေဝင်း(ခ)မိငယ်-ဦးပေါလ်၊ ဦးဝင်းကိုကို-နော်စီစီဖော(ခေတ္တ-Japan)၊ ဦးဝင်းညီညီ-ဒေါ်သီတာဝင်းတို့၏ အစ်မကြီး၊ မောင်ကျော်ထက်ဦး-မအိမ့်သီရိ၊ မောင်ဝင်းမြတ်ဦး၊ မောင်ကျော်သက်ဦး-မဝင့်မွန်၊ မောင်မြတ်ကောင်းမင်း-မရွှန်းလက်မင်း၊ မောင်ကျော်ရန်ရှင်း၊ မဆုမြတ်အောင်၊ မောင်ဝင်းပိုင်ကိုကို၊ မောင်မင်းပြည့်မှူး၊ မောင်ထက်နေမင်းဟိန်း၊ မောင်သော်ထက်ဟိန်း၊ မသီရိမေသူ၊ မရွှေရည်နွယ်ဦး၊ မချစ်စုရည်ဝင်း၊ မသိမ့်သူအောင်၊ မဆုလာဒ်ညီညီ၊ မောင်ထက်တေဇဝင်း၊ မရည်မွန်သိမ့်၊ မောင်ဖုန်းမြတ်မင်း တို့၏ကြီးကြီး၊ မြေးမ-မခင်မုဒြာဦးတို့၏အဘွား ဒေါ်သန်းတင့်သည် (၁၃၈၅-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်) ၁၄-၁၁-၂၀၂၃ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၄၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၈-၁၁-၂၀၂၃ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ကောင်းမွန်စွာ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၁-၂၀၂၃ ရက်တွင် အမှတ် (၁၂၄/အေ)၊ သံလွင်လမ်း၊ ဗဟန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၁၃၃)ရပ်ကွက်၊ သလ္လာဝတီလမ်း၊ မြေကွက် အမှတ်(၉၆၈)၏ မြေအကျယ်အဝန်း (၄၀x၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၉၆၇)နှင့် ကပ်လျက်ဘက်ခြမ်း၏ မြေအကျယ်အဝန်း (၁၀x၆၀)ပေရှိ ဦးစံသိန်း(AA-၀၇၉၄၀၅)အမည်ပေါက် မြေချပါမစ် မြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်သဥ္ဇာလှိုင် [၁၂/ဒဂရ(နိုင်)၀၀၅၁၇၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂) (LL.B,D.I.L)**
**ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉) (LL.B,D.B.L,D.I.L,WIPO switzerland)**
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၀၀၀၄၀၃၅၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၂၅၃၁၁၈၀၁၄**

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဇေယျာလမ်း၊ အမှတ်- ၄၇၊ ၆ ထပ် အဆောက်အဦ၏ မြေညီထပ်- ဘီ(ခြေရင်းခန်း)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့ကို ပိုင်ဆိုင်လွှဲပြောင်း ရောင်းချခွင့်ရှိသူဖြစ်ကြောင်းနှင့် ရောင်းချလိုကြောင်း ဒေါ်လွင်လွင်မြင့် [၁၂/သဃက(နိုင်)၁၀၃၉၁၂]က ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဝင်းကျော်မြင့် [၇/ပမန(နိုင်)၀၀၃၆၀၅]၊ ဒေါ်လဲ့လဲ့လှိုင် [၁၀/ရမန(နိုင်)၀၁၇၆၃၅] ကိုင်ဆောင်သူတို့က လက်ရောက်အပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဝင်းကျော်မြင့်နှင့် ဒေါ်လဲ့လဲ့လှိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြတ်ဝေချို [B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၅၀)**
**အမှတ်- ၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၄၃၄၅၇၄၆၊ ၀၉-၉၇၁၈၁၁၉၈၁**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ သံတံတားလမ်း၊ အမှတ်(၅၁) တိုက်၏ အမှတ်(၅၁)၊ အဆောက်အဦကို မျက်နှာမူလျှင် လက်ယာဘက်အခြမ်း(၅)လွှာ၊ (၁၂'၆"x၅၀')ရှိ တိုက်ခန်းနှင့်တကွ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်ပြီး တစ်ဆင့်ဝယ်ယူလျက် တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်မော်မော်အေး(ခ)တန်ရှုလန် [၁၂/စခန(နိုင်)၀၆၃၈၅၂]ထံမှ ကျွန်ုပ် ဒေါ်သက်သက်မာ [၁၂/စခန(နိုင်)၀၃၀၃၃၀]သည် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်း/အဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သက်သက်မာ**
**09-268166460**
**09-443217769**

## ကွန်ဒိုတိုက်ခန်းများအား ဝယ်ယူပြီးစီးပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(1-B)၊ မြေဧရိယာ (၃၅၀)ဧကပေါ်တွင် ဆောက်လုပ်ထားသော Star City (ကြယ်စင်အိမ်ရာစီမံကိန်း)ရှိ City Loft (Affordable Housing) အတွင်းရှိ 8th Stoteyed R.C Building (ခုတ်လှေကားပါ) Tower B 2 အဆောက်အအုံရှိ-(က) တိုက်အမှတ်(CL-2)၊ ၇-လွှာ၊ တိုက်ခန်းအမှတ်(၇၀၉)၊ Type (Bedroom) City Loft ဇုန်၊ ဧရိယာ (၇၀၂)စတုရန်းပေ အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်းကို စာချုပ်နံပါတ်- CL-1095-P ဖြင့်လည်းကောင်း၊ (ခ)တိုက်အမှတ် (CL-2)၊ ၆-လွှာ၊ တိုက်ခန်းအမှတ်(၆၁၃)၊ Type (Bedroom) City Loft ဇုန်၊ ဧရိယာ (၄၈၄)စတုရန်းပေ အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်းကို စာချုပ်နံပါတ်- CL-0359-P ဖြင့်လည်းကောင်း ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်အေးနန်း [၁၃/လရန (နိုင်)၁၃၀၄၃၉]က အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေသာလျှင် အဆိုပါကွန်ဒိုအခန်းများအား ရောင်းချ၊ ပေါင်နှံခွင့်ရှိသူဖြစ်ပြီး ကျွန်ုပ်မိတ်ဆွေ၏ အတိအလင်းခွင့်ပြုချက်မရှိဘဲ စရန်ငွေများ ပေးချေထားခြင်း၊ အပေါင်ပစ္စည်းအဖြစ် လက်ခံထားခြင်းများရှိပါက ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးနန်း (၁၃/လရန(နိုင်) ၁၃၀၄၃၉)၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းအိစံ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၆၀၂၈/၃-၁၁-၂၀၂၃)**
**အမှတ်- ၆၂ (ပထမထပ်)၊ အခန်း (၁၈)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၉၉၈၈၄၂၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၅-သမိုင်း၊ မြေကွက်အမှတ် (၇/ခ-၄)၊ ဧရိယာ (၀.၀၉၂)ဧက၊ မြေကွက်တည်နေရာအမှတ် (၃၅/ဃ)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးစောဟန်၊ (ဒေါ်တင်လှ) အမည်ပေါက် မြေပိုင်မြေ (အိမ်ရာမြေသတ်မှတ်)မြေအား အမည်ပေါက်များဖြစ်သော ဦးစောဟန် ဖခင်ဖြစ်သူသည် ၈-၁၂-၂၀၁၄ ရက်နေ့တွင်လည်းကောင်း၊ ဒေါ်တင်လှ မိခင်ဖြစ်သူသည် ၁၀-၃-၂၀၂၂ ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဦးဝင်းအောင် [၁၂/တမန (နိုင်)၀၃၆၃၉၅]၊ ဦးဇော်ထွတ် [၁၂/တမန (နိုင်)၀၃၆၃၉၂]တို့မှ တရားဝင်သားများတော်စပ်ကြောင်း၊ အခြားသော သားသမီး/မွေးချင်း တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ အမွေစားအမွေခံ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝ မရှိပါကြောင်း မိမိတို့ညီအစ်ကို (၂)ဦးတည်းကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာ အမှတ်- ၁၃၇၀/၂၀၂၃ (၂၂-၈-၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ အမည်ပေါက်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**သွေးသည် အသက်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျုံးဝင်မည့်ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လူပုဂ္ဂိုလ်တစ်ဦး အောင်မြင်တိုးတက်ဖို့ဆိုတာ အသိပညာ၊ အတတ်ပညာကြွယ်ဝမှုပေါ်မှာ တည်ပါတယ်။ ဒါဟာလူတိုင်းအတွက် ပညာတတ်မြောက်မှု လိုအပ်တယ်ဆိုတာ ဖော်ပြတာပါ။ ဒါ့ကြောင့် ကျောင်းနေအရွယ်တိုင်း အတန်းပညာမြင့်မားရေးကို အမျိုးသားရေးစိတ်ဓာတ်နဲ့ ဆောင်ရွက်ကြခြင်းဖြင့် တိုင်းပြည်သာယာဝပြောမှု အကျိုးရလဒ်ကို ရရှိစေပါလိမ့်မယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် ကျရောက်သော မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ နှစ်သစ်ကူးအခါသမယတွင် ပြောကြားသည့် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကားမှ ကောက်နုတ်ချက်)

## ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ဂျပန်နှင့် မြန်မာ ယနေ့ကစားမည်

ရန်ကုန် နိုဝင်ဘာ ၁၅

**၂၀၂၆ ကမ္ဘာ့ဖလား ဒုတိယအဆင့်ခြေစစ်ပွဲအဖြစ် ဂျပန်လက်ရွေးစင်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာ ၁၆ ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီ ၃၂ မိနစ်တွင် ဂျပန်နိုင်ငံ အိုဆာကာမြို့ရှိ PANASONIC STADIUM SUITA (OSAKA)၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။**

ဂျပန်အသင်းနှင့် မြန်မာအသင်းတို့၏ ပွဲကြိုသတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၁၅ ရက်က ကျင်းပရာ နှစ်ဖက်အသင်းနည်းပြချုပ်များနှင့် အသင်းခေါင်းဆောင်တို့ တက်ရောက်သည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဖိုက်အွန်ဘိုင်နာက "ကျွန်တော်တို့အုပ်စုမှာ ဂျပန်၊ မြောက်ကိုရီးယား၊ ဆီးရီးယားတို့နဲ့ ဆုံတွေ့နေပြီး လက်ရှိအခြေအနေ ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွေအရ ကျွန်တော်တို့က အောက်အသင်း တစ်သင်းပါ။ ဒါကလည်း ကျွန်တော်တို့ကို အခွင့်အရေးတွေ ဖန်တီးနိုင်စွမ်းရှိလာပါလိမ့်မယ်။ မနက်ဖြန်ပွဲစဉ်မှာ အတတ်နိုင်ဆုံး ပထမပိုင်းရဲ့ အစောပိုင်းမိနစ်တွေမှာ လုံးဝဂိုးမပေးရဖို့ ကြိုးစားရပါမယ်။ **စာမျက်နှာ ၉ ကော်လံ ၆ သို့** ❖



မြန်မာ့လက်ရွေးစင်အသင်း အားကစားသမားများ လေ့ကျင့်နေကြစဉ်။


## MFF Futsal Championship 2023 ပြိုင်ပွဲ ယနေ့ စတင်ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၅

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင် ဘောလုံးကော်မတီက စီစဉ်ကျင်းပသည့် MFF Futsal Championship 2023 ပြိုင်ပွဲ အုပ်စုပထမနေ့ကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းမှစတင်ကာ ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံတွင် ကျင်းပမည်ဖြစ်သည်။

အုပ်စုပထမနေ့အဖြစ် နိုဝင်ဘာ ၁၆ ရက် နံနက် ၈ နာရီတွင် လက်ရှိချန်ပီယံ VUC အသင်းနှင့် Noka အသင်း၊ နံနက် ၉ နာရီခွဲတွင် M2K အသင်းနှင့် Sun Far အသင်း၊ နံနက် ၁၁ နာရီတွင် Black Cross အသင်းနှင့် မလိကြယ်စင်အသင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် ရွှေပြည်သာအသင်းနှင့် SGF အသင်း၊ မွန်းလွဲ ၂ နာရီတွင် ရိုးမအသင်းနှင့် YRG အသင်း၊ **စာမျက်နှာ ၁၆ ကော်လံ ၅ သို့** ☆

## မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်




နေပြည်တော် နိုဝင်ဘာ ၁၅

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၄၂၀ ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်- အနောက်တောင်ဘက် ရေမိုင် ၄၈၀ ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၂၄၀ ခန့်၊ ပါရာဒစ်မြို့၏ တောင်ဘက် ရေမိုင် ၃၂၅ မိုင်ခန့်နှင့် ဒီဂါမြို့၏ တောင်ဘက် ရေမိုင် ၄၁၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**စာမျက်နှာ ၁၇ ကော်လံ ၄ သို့** ☆

**ယနေ့** ဖတ်စရာ

### PDF အမည်ခံအကြမ်းဖက်သမားများက မြိုင်မြို့ပေါ်ရပ်ကွက်များအတွင်းသို့ လက်လုပ်စိန်ပြောင်းများ၊ Drop ဗုံးများ ပစ်ချတိုက်ခိုက်မှုကြောင့် စာသင်ကျောင်းဝင်းအတွင်း ကျရောက်ပေါက်ကွဲပြီး ဆရာမ နှစ်ဦးနှင့် ကျောင်းသူ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

စာမျက်နှာ » ၁၅

### မြင်းခြံခရိုင်အတွင်း ဆောင်းကြက်သွန်နီများ စတင်စိုက်ပျိုး

စာမျက်နှာ » ၁၈